EVERY MONDAY

# မြစ်ကြီးနားသတင်း ဂျာနယ်

၂၀၁၄ မတ် ၂၉ တွင် စတင်ထုတ်ဝေသည်

အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ဝေသည်

အတွဲ (၅)၊ အမှတ် (၂၅) “ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ” ( ဇူလိုင် ၂၃ ၊ ၂၀၁၈ )

## ကဘူဒမ်းစစ်ရှောင်စခန်းသည် တရားဝင်စခန်းမဟုတ်သေး၍ ထောက်ပံ့မှုမပေးဟုဆို




စာ - ၆ သို့ »

နန်းကွေ့ ရပ်ကွက်နယ်မြေ ၇ ရှိ ခရစ်တော်၏အသင်းတော်တွင် ဖွင့်လှစ်ထားသည့် ကဘူဒမ်း စစ်ရှောင်စခန်း



## အာဇာနည်နေ့ကို အမြဲအမှတ်ရနေတဲ့ အဖွား ဒေါ်မကောန်ခေါန်ရော် (Makawn Hkawn Raw)

စာ - ၁၀ သို့ »



## တတိယအကြိမ် ၂၁ ရာစုပင်လုံညီလာခံသည် ငြိမ်းချမ်းရေးအတွက် ခြေလှမ်းတစ်ခု

နေပြည်တော်၊ ဇူလိုင် ၁၆

ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ (၂၁ရာစုပင်လုံ) တတိယအကြိမ် အစည်းအဝေးကျင်းပနိုင်ခြင်းသည် ငြိမ်းချမ်းရေးအတွက် အောင်မြင်သည့် ခြေလှမ်းတစ်လှမ်း ဖြစ်သည်ဟု ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) နိုင်ငံရေးပါတီများအဖွဲ့ဝင် ဒေါက်တာတူးဂျာက ပြောသည်။

“ညီလာခံကို နောက်သုံးကြိမ်လောက်ကျင်းပနိုင်ရင် ဖက်ဒရယ်မှုတွေ ချမှတ်တာကုန်လောက်တယ်။ အဲ့ဒီအချိန် ညီလာခံ ဆက်လက်ကျင်းပစရာမလိုတော့ဘဲ နောက်တစ်ဆင့်ဖြစ်တဲ့ ပြည်ထောင်စုသဘောတူညီချက်စာချုပ် ချုပ်သွားဖို့ဖြစ်တယ်။ ဒါကြောင့် ဒီတစ်ခေါက် ညီလာခံကျင်းပနိုင်ခြင်းဟာ အရေးကြီးတဲ့ ငြိမ်းချမ်းရေးအတွက် အရေးကြီးတဲ့ ခြေလှမ်းတစ်လှမ်း လှမ်းလိုက်တာပဲဖြစ်ပါတယ်”ဟု ဒေါက်တာတူးဂျာက ပြောသည်။

စာ - ၇ သို့ »



## ဧရာဝတီမြစ်ကို ဖြတ်ပြီးကျောင်းတက်နေရသည့် မြစ်ဆုံဒေသမှ ကျောင်းသားများကို စေတနာရှင်တစ်ဦးက အသက်ကယ်အင်္ကျီများလှူဒါန်း

စာ - ၄ သို့ »

### မြောက်ပိုင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များက NCA လက်မှတ်ထိုးရေး၊မထိုးရေးပြန်လည်ဆွေးနွေးမည်

စာ - ၁၀ သို့ »

### မိုးညှင်းမြို့နယ်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်နေရာ လစ်လပ်နေ

စာ - ၅ သို့ »

### စစ်ရှောင်စခန်းသို့ရောက်ရှိပြီးနောက် စီးပွါးရေးအခြေအနေ၊ မိသားစုအခြေအနေ အကြောင်းကြောင်းကြောင့် ကျောင်းထွက်သွားခဲ့ရသော ကျောင်းသူ၊ ကျောင်းသားများ၏ ရင်တွင်းစကား

စာ - ၁၁ သို့ »



www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal

မြစ်ကြီးနားသတင်းဂျာနယ်

( ဇူလိုင် ၂၃ ၊ ၂၀၁၈ )

# အရှင်လတ်လတ် မြေစာပုံအောက် ရောက်သွားသော ဘဝများ


စည်သူ(မြစ်ကြီးနား) ရေးသားသည်

မြစ်ကြီးနားမြို့၊ စံပြရပ်ကွက်မှာနေထိုင်တဲ့ မခါးအောင်ဟာ ဖားကန့်မှာအလုပ်သွားလုပ်တဲ့ သူရဲ့အစ်ကို ပြန်လာမယ့်ရက်ကို စောင့်ဆိုင်းရင်း ငိုကြွေးနေပါတယ်။

နေ့တိုင်း ပုံမှန်ဖုန်းဆက်နေကျဖြစ်တဲ့ သူ့အစ်ကိုဆီက ဖုန်းမလာတာ နှစ်ရက်မြောက်ရှိနေပြီဖြစ်လို့ အစ်ကို့ဖုန်းကို ခေါ်ကြည့်တော့လည်း ဆက်သွယ်လို့မရ ဖြစ်နေတယ်။

"အစ်ကို့ဖုန်းကို ဘယ်နှကြိမ်မှန်း မသိလောက်အောင် ဆက်တိုက်ခေါ်ဖြစ်ခဲ့တယ်"လို့ ဆိုပါတယ်။ အစ်ကိုဖြစ်သူ သွားရောက်အလုပ်လုပ်ကိုင်နေတဲ့ ဖားကန့်ဆိုတဲ့မြို့ကလည်း လူတစ်ယောက်အသက်ကို ကြက်ကလေး၊ ငှက်ကလေးတစ်ကောင်သတ်သလို သတ်ဖြတ်နေတဲ့မြို့၊ မြေစာပုံတွေကလည်း ခဏခဏပြိုကျနေတဲ့မြို့ဆိုတော့ အစ်ကို့အတွက် ရတက်မအေးနိုင်ခဲ့။

သူ့လိုပဲဖားကန့်ရောက်နေတဲ့ လုပ်သားတွေရဲ့ မိဘတွေ၊ ဇနီးမယား၊ သမီးသားတွေလည်း ပူပန်ကြတာပါပဲ။




သူမရဲ့အစ်ကို အင်ခိုင်ဆွတ်မြတ်အောင်ဟာ မိသားစုစားဝတ်နေရေးအတွက် ဖားကန့်ဒေသကို ရေမဆေးကျောက်စိမ်းသွားရှာရင်းနဲ့ နေ့စဉ်ဖုန်း ဆက်နေရာကနေ အဆက်အသွယ်ပြတ်သွားလို့ ညီမ ဖြစ်သူက စိတ်ပူပန်နေတာပါ။

ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာအုပ်စု၊ ဆန်ခါမော်မှာ ဇူလိုင်လ ၁၄ ရက်နေ့က ကမ်းပါးပြိုကျရာမှာ အစိုးရထုတ်ပြန်တဲ့ စာရင်းအရတော့ သေဆုံးသူ ၂၂ ယောက်နဲ့ ဒဏ်ရာရရှိသူ ၆၃ ဦးအထိရှိခဲ့တယ်လို့ ဖော်ပြခဲ့ပေမယ့် မြေစာပုံအောက်မှာ ကျန်သူတွေကိုတော့ အကုန်လုံးမရှာနိုင်သေးပါဘူး။

"မြေစာပုံပြိုတဲ့နေ့က စပြီးတော့ ဖုန်းဆက်လို့ မရတော့တာ။ အရင်ကဆက်နေကျ ငါ့အကိုကိုချစ်တာ။ ခုတော့ မြေစာပုံ အောက်ရောက်သွားပြီလား မသိဘူး"လို့ပြောရင်းနဲ့ မခါးအောင်က ရှိုက်ကြီးတငင် ငိုချလို့ နေပါတယ်။

မခါးအောင် ဆက်ပြောတာက မြေစာပုံပြိုကျတဲ့နေရာမှာ ကိုအင်ခိုင်ဆွတ်မြတ်အောင်နဲ့ သူ့ရဲ့သူငယ်ချင်းတွေဟာ နေ့တိုင်းကျောက်သွားတူးနေကျဖြစ်ကြောင်းနဲ့ သူ့ရဲ့သူငယ်ချင်းတွေအကုန်လုံးလည်း မြေစာပိတဲ့အထဲ ပါသွားပြီးတော့ ခုထိလည်းအဆက်အသွယ်မရရှိသေးဘူးလို့ မျှော်လင့်ချက်မဲ့စွာ မြစ်ကြီးနားသတင်းဂျာနယ်ကို ပြောပြခဲ့တာပါ။

ဒီကမ်းပါးပြိုကျမှုမှာ အထက်ကစာရင်းအတိုင်း သေဆုံးပေမယ့်လည်း လုပ်ကွက်အနီးတစ်ဝိုက်နဲ့ လွတ်မြောက်လာသူတွေ ပြောပြချက်အရတော့ လူဦးရေတစ်ရာကျော်အထိ ပါသွားနိုင်တယ်လို့ ခန့်မှန်းပြောဆိုနေကြတာတွေလည်း ရှိပါတယ်။

"နှံ့အိုင်ကြီးပေါ်ကို ကမ်းပါးကြီးဝုန်းကနဲ ပြိုပြီးတော့ ရိုက်ချလိုက်တာ။ နှံ့အိုင်ကြီးဆိုတော့ကူးလို့မရဘူး။ အဲဒီမှာ လျှောကျပြီးတော့ ရေထဲရောက်သွားတယ်။ အဲဒီကနေ ပြန်ကူးတက်လာတာ။ အယောက်တစ်ရာကျော်လောက်တော့ ပါသွားမယ်ထင်တယ်" လို့ လွတ်မြောက်ခဲ့တဲ့ ဦးတိုးလွင်က ပြောပါတယ်။ ထွက်ပြေးစဉ်မှာ ထိမှန်ခဲ့တာကြောင့် ခေါင်းမှာပတ်တီး စည်းထားရဆဲပါ။

ပြိုကျခဲ့တဲ့ ကမ်းပါးနေရာမှာ မပြိုကျခင်က လက်လုပ်ကျင်းတူးနေတဲ့ ကျင်းပေါင်း ၂၀ ကျော်လောက်တော့ အနည်းဆုံး ရှိပါတယ်။ တစ်ကျင်းမှာဆိုရင် အနည်းဆုံး လူ ၅ ဦးအထိ တူးဖော်နေကြတာ ဖြစ်တယ်လို့ အနီးပတ်ဝန်းကျင်က ဈေးဆိုင်များဆီက သိရပါတယ်။

"ဝုန်းကနဲ ပြိုတာတော့ ကြားလိုက်တယ်။ ကျင်းတွေလည်း အများကြီးပဲ။ လုပ်ကွက်ထဲမှာတူးကြတာ။ မြင်တွေ့နေကျလူတွေက အခုမတွေ့ရတော့ဘူး"လို့လည်း ဈေးဆိုင်ပိုင်ရှင် အမျိုးသမီးက ပြောပြပါတယ်။ အဲဒီအမျိုးသမီးက သူမရဲ့နာမည်ကို ထည့်မရေးဖို့ တောင်းဆိုပါတယ်။

အခုလို မိုးတွင်းကာလမှာ ကျောက်မျက်တူးဖော်ရေး ကုမ္ပဏီတွေ လုပ်ငန်းနားနေကြပြီး ရာသီချိန်က တူးဖော်ခဲ့တဲ့ မတ်စောက်တဲ့နေရာတွေမှာ ရေမဆေးသမားတွေက သွားရောက်တူးဖော်နေရာကနေ အလွှာလိုက်ပြတ်ကျပြီးတော့ အခုလို အဖြစ်ဆိုးမျိုးကို ကြုံခဲ့ရတာပါ။

"မြေကြီးကို တဲ့ကြီး တည့်တည့်မတ်မတ် တူးထားတယ်။ အဲဒီနေရာမှာ ရေမဆေးတွေက ဝင်ပြီးပြန်တူးတယ်။ မြေအကြောတွေက ပြတ်ကုန်ရော။ ပြတ်တော့ မခံနိုင်တော့ ပြိုကျရော"လို့ ဖားကန့်မြို့နယ်မှ အလွတ်တန်းသတင်းထောက် ကိုဇော်မိုးထက်က သူ့ရဲ့အတွေ့အကြုံကို ပြောပါတယ်။

ပြိုရတဲ့ နောက်တစ်ချက်က ကုမ္ပဏီတွေက မိုင်းခွဲတူးဖော်လို့ဖြစ်တယ်လို့လည်း မြို့ခံများကပြောပါတယ်။ အဲဒီမှာသုံးတဲ့ မိုင်းတွေက ပြင်းထန်ပြီးတော့ ပေါက်ကွဲအားကောင်းတဲ့ မိုင်းတွေပါ။ လုပ်ကွက်တွေကမိုင်းခွဲလိုက်ရင် မြေကြီးတွေ တုန်ခါသွားတဲ့အထိ ပြင်းထန်ပါတယ်။

ဒေသခံတွေအဆိုအရ မိုင်းခွဲတာတွေများလို့ မြေကြီးတွေက တုန်ပြီး အက်ကြောင်းထတဲ့နေရာတွေ မြေမှန်ကြောပြတ်တဲ့နေရာတွေက အခုလိုမြေပြိုမှုတွေ ဖြစ်တယ်လို့ သိရပါတယ်။

"ကျွန်တော်တို့ ကြားတာတော့မိုင်းခွဲတယ်လို့ကြားတယ်ဗျ။ အားလုံးပြောနေကြတာလည်း မိုင်းခွဲလို့ပြိုတာလို့ ပြောနေကြတယ်။ ဒီလို ကြီးကြီးမားမားပြိုတာက မိုင်းခွဲတာလည်းပါတယ်"လို့ လုံးခင်းဒေသခံ ကိုထွန်းထွန်းက မြစ်ကြီးနားသတင်းဂျာနယ်ကို ပြောဆိုခဲ့တာပါ။

ဒီဖြစ်စဉ်နဲ့ ပတ်သက်ပြီး ကချင်အမျိုးသားကွန်ဂရက်ပါတီက ကျောက်မျက်ကုမ္ပဏီတွေနဲ့ ဆက်စပ်ကုမ္ပဏီများကို ယမ်းအလွန်အကျွံ သုံးစွဲဖောက်ခွဲတယ်လို့ သံသယရှိတဲ့အတွက် နိုင်ငံတော်အစိုးရက စုံစမ်းဆောင်ရွက်ပေးရန်လည်း တောင်းဆိုထားပါတယ်။

မြေပြိုတဲ့ ဖြစ်စဉ်တွေအများစုက ကုမ္ပဏီတွေဘက်က အပြည့်အဝ တာဝန်ယူတာမျိုးတော့ အခုအချိန်အထိ အပြည့်အဝတာဝန်ယူ ရှာဖွေတာမျိုးတွေ၊ မရှိသေးပါဘူးလို့ ဒေသခံအများစုက သုံးသပ်ကြပါတယ်။

"မြေစာပုံပြိုတဲ့ဖြစ်စဉ်တွေကို ကြည့်လိုက်ရင် ကုမ္ပဏီတာဝန်ယူမှုက အားနည်းပါတယ်။ မရှာနိုင်တာမျိုးတွေလည်း အများကြီးပဲ။ ကံခါမြေစာပုံက သက်သေပါ။ အလောင်းတစ်ရာကျော်ပဲ ပြန်ရပါတယ်။ တကယ်က အဲဒါထက်သုံးဆလောက် ရှိနေနိုင်တယ်"လို့လည်း ဆိပ်မူဒေသခံ ကိုရဲမင်းထွန်းက မြစ်ကြီးနားသတင်းဂျာနယ်ကို ပြန်ပြောင်းပြောပါတယ်။

အခု ၁၄ ရက်နေ့က ပြိုကျခဲ့တဲ့ဖြစ်စဉ်မှာတော့ နှံ့အိုင်ကြီးခံနေလို့ ဆက်လက်ရှာဖွေဖို့ခက်ခဲပေမယ့်လည်း လမ်းတွေဖောက်ပြီးတော့ ရှာဖွေမှုတွေ ဆက်တိုက်လုပ်သွားမယ်လို့ ဖားကန့်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်က မီဒီယာတွေကို ဖြေကြားထားပါတယ်။

ဖားကန့်ကျောက်စိမ်းတွင်းဒေသမှာဆိုရင် ၂၀၁၈ နှစ်ဆန်းပိုင်းကနေ အခုအချိန်အထိ မြေစာပြိုတာတွေ ကမ်းပါးပြိုတာတွေကြောင့် သေဆုံးသူ ၁၀၀ ကျော် ရှိနေခဲ့ပါပြီ။ ဇန်နဝါရီလ ၄ ရက်နေ့က မော်မောင်းဘွမ်ကျေးရွာက ဂျိတ်လန်းကျောက်မျက်တူးဖော်ရေး ကုမ္ပဏီစွန့်ပစ်မြေစာပုံပြိုကျပြီး ရေမဆေးလုပ်သား ၆ ဦး၊ ဇန်နဝါရီလ ၆ ရက်နေ့က ဝေ့ခါကျေးရွာရှိ မြေစာပုံပြိုကျမှုကြောင့် ၅ ဦးနဲ့ ဇန်နဝါရီလ ၁၁ ရက်နေ့က ဆိပ်မူကျေးရွာအုပ်စု၊ နမ့်မော်ကျေးရွာအနီး

မျိုးဆက်သစ် (AirCon Express) NEW GENERATION EXPRESS
အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး
မြစ်ကြီးနား ⇄ မိုးကောင်း ⇄ ဖားကန့် ⇄ မိုးညှင်း ⇄ ရန်ကုန်
ဂိုဏ်းဇောအကယ်ဒမီ
မြစ်ကြီးနားမှ နံနက် ၁၀:၀၀ | ရန်ကုန်မှ နံနက် ၁၀:၀၀
မြစ်ကြီးနားမှ ညနေ ၃:၀၀ | ရန်ကုန်မှ ညနေ ၄:၀၀
နေ့စဉ်ပုံမှန် ၂ ကြိမ် ပြေးဆွဲပေးနေပါသည်
မြစ်ကြီးနားမြို့တွင်း ခရီးသည်ကြိုပို့နှင့် တန်ဆာပစ္စည်းအရောက်ပို့ စနစ်ဖြင့် ဝန်ဆောင်မှုပေးနေပါသည်
ဆက်သွယ်ရန် - ရွှေလမ်းမကြီး၊ လမ်းသွယ် (၁၀)၊ မြစ်ဗျားဇရာ အဝေးပြေးယာဉ်ရပ်နားစခန်း၊ အခန်းနံပါတ် (၁၅) မြစ်ကြီးနားမြို့
မြစ်ကြီးနား 09-440064211,09-440064288,09-456469223
မိုးကောင်း 09-264145613,09-42465070,09-454097368
ဖားကန့် 09-766577944,09-258029160, 09-796517743
မိုးညှင်း 09-400053210, 09-790215384
ရန်ကုန် (အောင်မင်္ဂလာ) 09-450549991,09-450549992, 09-450549993, 09-459261688
ရန်ကုန် (စမ်းချောင်း) 01-510921, 09-421087976, 09799654210
ရန်ကုန် (အောင်ဆန်းကွင်း) 09-453196492, 09-453196493
လက်မှတ်အရောင်းခွဲနှင့် တန်ဆာပစ္စည်း လက်ခံဌာန
အမှတ် (၈၇)၊ မင်းရပ်ရပ်ကွက်၊ ဘူတာကြီးရှေ့ မြစ်ကြီးနား
Ph: 09-404895206, 09-404895207
VIP 2+1 အထူးကားကြီးများဖြင့်သာ ပြေးဆွဲပေးလျက်ရှိပါသည်။

မှာရှိတဲ့ ရတနာစမ်းရှင် ကျောက်မျက်တူးဖော်ရေးကုမ္ပဏီ၏ စွန့်ပစ်မြေစာပုံပြိုကျခဲ့လို့ ရေမဆေး ၄ ဦး၊ ဇန်နဝါရီလ ၂၀ ရက်နေ့က မြဥယျာဉ်ကုမ္ပဏီ၏ နွံကန်ပေါက်ကျလို့ တာဝန်ကျဝန်ထမ်း ၉ ဦး၊ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ဘက်ဟိုးဆရာတစ်ဦး၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင်ချောင်းဆုံမြေစာပုံမှာ အမျိုးသမီးတစ်ဦးကို မြေစာသယ်ယာဉ်ကြိတ်မိပြီး သေဆုံးခဲ့ပြီး မတ်လ ၁၅ ရက်နေ့က ကန်ခါမြေစာပုံပြိုကျခဲ့ခြင်းကြောင့် လူ ၄ ဦးပျောက်ဆုံးခဲ့ကာ မေလ ၄ ရက်နေ့မှာ ဝေ့ခါမော်က ကျောက်စိမ်းသစ်ရွက်ကုမ္ပဏီလုပ်ကွက် မြေစာပုံပြိုလို့လူ ၂၂ဦးသေဆုံး၊ မေလ ၂၀ ရက်နေ့ကလည်း ဝေ့ခါမော်မှာ မြေစာပိလို့ သုံးဦးသေဆုံးတဲ့ ဖြစ်စဉ်၊ မေလ ၂၂ ရက်နေ့ကလည်း တစ်သုံးလုံးကုမ္ပဏီ လုပ်ကွက် ကမ်းပါးပြိုလို့ လူနှစ်ဦး သေဆုံးသွားခဲ့ပြီး မေလ ၂၆ ရက်အရောက်မှာတော့ ရတနာကြယ်ကုမ္ပဏီက ဝန်ထမ်းတစ်ဦးတို့ သေဆုံးခဲ့ရပြီးပါပြီ။ အရင်နှစ်တွေကို လေ့လာကြည့်တဲ့အခါမှာ ၂၀၁၆ ခုနှစ်မှာ အယောက် ၅၀ နဲ့အထက် သေဆုံးခဲ့ပြီး ၂၀၁၇ ခုနှစ်က




ကမ်းပါးပြိုကျရာမှ ၇၄ ဦးသေဆုံးပြီး ၅၈ ဦးဒဏ်ရာရ၊ မြေကမ်းပါးယံမှပြုတ်ကျသေဆုံးမှုမှာ ၇ ဦး၊ မြေစာသယ်ယာဉ်များနှင့် ထိခိုက်သေဆုံးမှုကြောင့် သေဆုံးသူ ၃၂ ဦးနှင့် ဒဏ်ရာရသူ ၂၆ ဦး၊ လုပ်ကွက်အတွင်း လုံခြုံရေးရဲတပ်ဖွဲ့ဝင်များရဲ့ပစ်ခတ်မှုတွေကြောင့် ၇ ဦးသေဆုံးပြီး ၈ ဦးဒဏ်ရာရရှိခဲ့ကာ စုစုပေါင်း သေဆုံးသူ ၁၂၀ နှင့် ၉၈ ဦးတို့ဒဏ်ရာရရှိခဲ့ပါတယ်။

ဖားကန့်သမိုင်းမှာတော့ ၂၀၁၅ နိုဝင်ဘာလ ၂၀ ရက်နေ့က ပြိုကျခဲ့တဲ့ ကံခါမြေစာပုံပြိုကျမှုက အဆိုးရွားဆုံးလို့ ဆိုရမှာပါ။ မြေစာပုံတောင်ခြေမှာ နေထိုင်တဲ့ အိမ်ခြေတွေ ပိမိသွားခဲ့ပြီး သေဆုံးသူရုပ်အလောင်း ၁၁၄ လောင်းကို ရရှိခဲ့ပါတယ်။

ဒီဖြစ်စဉ်ကစပြီးတော့ပြည်တွင်းမီဒီယာတွေတင် မကဘဲ ကမ္ဘာ့မီဒီယာတွေကပါ ဖားကန့်ဒေသကို ပိုမိုအာရုံစိုက်လာခဲ့ကြပါတယ်။

ကျောက်စိမ်းတွေကို အလွန်အကျွံတူးဖော်လာတဲ့ နောက်ပိုင်းမှာ မြေစာပြိုသေဆုံးမှုတွေက ဆက်တိုက်ဖြစ်လာခဲ့တာပါ။ ၂၀၁၅ ခုနှစ်နောက်ပိုင်းရဲ့ မြေပြိုဖြစ်စဉ်တွေကို အကြမ်းဖျဉ်းပြန်တွက်ကြည့်တဲ့အခါ တစ်နှစ်ကိုအနည်းဆုံး လူပေါင်း ၁၀၀ လောက်မြေစာပုံပိပြီး သေဆုံးခဲ့ရတာကို တွေ့မြင်ရပါတယ်။

စာရင်းရှိသေဆုံးသူပေါင်း တစ်နှစ်တစ်ရာကျော်လောက်လို့ ခန့်မှန်းနိုင်ပေမယ့် ရှာဖွေရေးတွေမလုပ်နိုင်လို့ သေဆုံးသွားတဲ့သူတွေနဲ့ ပေါင်းရင် တစ်နှစ်ကို လူပေါင်းအနည်းဆုံး ၁၅၀ ကျော်လောက်က ဖားကန့်ဒေသမှာ သေဆုံးနေခဲ့ရပါပြီ။

သက်ဆိုင်ရာ အစိုးရတွေနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေက ဒီလိုအန္တရာယ်ရှိတဲ့ နေရာတွေမှာ သွားရောက်မတူးဖို့ တိုက်တွန်းပြောဆိုတာတွေလည်း ရှိနေပါတယ်။ ဒါပေမယ့်လည်း သူဌေးဖြစ်ရေး၊ မိသားစုစားဝတ်နေရေးအတွက်ကြောင့် ရေမဆေးတွေက အသက်စွန့်ပြီးတော့ အခုလိုမြေစာပုံတွေ လုပ်ကွက်ကမ်းပါယံတွေမှာ အသက်စွန့်ရှာဖွေနေကြတာပါ။


"ကျွန်တော် တော်တော်များများပြောပါတယ်။ ရေမဆေးတွေအနေနဲ့လည်း မိမိအသက်အန္တရာယ်ကို တန်ဖိုးထားဖို့၊ အန္တရာယ်ရှိတဲ့နေရာမှာ မရှာကြဖို့ ပြောပါတယ်။ တချို့ကျတော့လည်းမိသားစုအခက်အခဲကြောင့် ရှာကြတဲ့အခါ အခုလို အဖြစ်ဆိုးနဲ့ ကြုံတွေ့ရတာပါ"လို့ ဖားကန့်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးတင့်စိုးက ပြောပြခဲ့ဖူးပါတယ်။

လုပ်ငန်းရှင်တွေ ကျောက်မျက်ပညာရှင်တွေ အတွေ့အကြုံရှိတဲ့သူတွေ ပြောပြချက်အရ ဖားကန့်ဒေသဟာ အင်နဲ့အားနဲ့ ဆက်တိုက်တူးနေရင်တောင် အနည်းဆုံးနောက်ထပ် အနှစ် ၂၀ လောက်အထိ တူးလို့ရသေးတယ်လို့ ဆိုပါတယ်။

ကမ္ဘာ့ အကောင်းဆုံး ကျောက်စိမ်းတွေ ထုတ်လုပ်ပေးနေတဲ့ ဒေသကြီးမှာ အရှင်လတ်လတ်မြေမြုပ်ခံရတဲ့သူတွေ ထပ်မံမပေါ်ပေါက်အောင် ဝိုင်းဝန်းထိန်းသိမ်းဖို့ အရေးတကြီးလိုအပ်နေပါပြီ။ ပညာရှင်များပြောတဲ့ အရေးကြီးတဲ့အလုပ်ကို ကြိုတင်ဆောင်ရွက်မထားရင် အရေးကြီးတဲ့အလုပ်အတွက် နောင်တစ်ချိန်မှာ အလျင်စလိုနဲ့ အရေးတကြီးလုပ်ရမယ့်အခြေအနေကို ဆိုက်ရောက်လာတတ်တာကို သတိမူမိစေလိုရင်း ဖြစ်ပါတယ်။

---

# ဘဝများနှင့်ရင်းသောကျောက်စိမ်း




ဇူလိုင် ၂၀

ဖားကန့်ရတနာနယ်မြေတွင် ၂၀၁၀ ခုနှစ် နောက်ပိုင်း ကျောက်မျက်အလွန်အကျွံတူးဖော်နေမှုကြောင့်လုပ်ကွက်နှင့် အနီးကျေးရွာများမှ ပြည်သူများ အသက်အန္တရာယ်ထိခိုက်နစ်နာမှု ပိုမိုကြီးထွားလာပြီး ကောင်းမွန်သည့် စနစ်များဖြင့် ဆက်လက်တူးဖော်နိုင်ရန်အတွက် "ဘဝများနှင့်ရင်းသောကျောက်စိမ်း' အစီရင်ခံစာတစ်စောင်ကို ထုတ်ပြန်ခဲ့သည်။

ဇူလိုင်လ ၂၀ ရက်နေ့က HumanityInstitute မှ ထုတ်ပြန်ခဲ့သည့် အထက်ပါအစီရင်ခံစာတွင် ဖားကန့်မြို့နယ် အတွင်းရှိ လုပ်ကွက်မြေစာပုံများ၊ မြေသယ်ကားများ ဖြတ်သန်းရာလမ်းတစ်လျှောက်တွင်ပြည်သူလူထုများ အသက်ဆုံးရှုံးခဲ့ရမှု၊ မြန်မာ့တပ်မတော်နှင့် ရေမဆေးသမားများ၏ ပဋိပက္ခနှင့် လပ်နက်ကိုင် အဖွဲ့အစည်းများ၏ ပြည်သူများအား လုပ်ကြံသတ်ဖြတ်မှုများ စသည့် အကြောင်းအရာများ ပါဝင်သည်။

ထို့အပြင် သမ္မတဦးသိန်းစိန်အစိုးရ တက်လာသည့်နောက်ပိုင်း ကျောက်စိမ်းတူးဖော်ရေး လုပ်ငန်းလိုင်စင်များကို လုပ်ကွက်ချထားပေးခြင်းကြောင့် တူးဖော်ရာမှ ပြည်သူလူထု အသက်ဆုံးရှုံးမှု၊ ပိုမိုကောင်းမွန်သော ကျောက်မျက်တူးဖော်ရေးဆိုင်ရာနှင့် သဘာဝကပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒ၊ ဥပဒေများ အစီအမံများ ဖြစ်ထွန်းလာစေရန်၊ အရည်အသွေးမြင့် ကျောက်စိမ်းတူးဖော်ရာတွင် အကျင့်ပျက်ခြစားမှု၊ လာဘ်ပေးလာဘ်ယူမှုများကြောင့် ပြည်သူများ လူမှုစီးပွားဒုက္ခများ ဖြစ်ပွားရသည့် အကြောင်းများကို သက်ဆိုင်ရာအာဏာပိုင်များ သိရှိစေရန်အတွက် ထုတ်ပြန်ရခြင်းဖြစ်သည်ဟုလည်း သိရသည်။

"ဘက်နှစ်ဘက် (ပြည်သူ၊ ရေမဆေး၊ တပ်မတော်၊ ရဲ၊ လက်နက်ကိုင်အဖွဲ့အစည်း) မှာရှိတဲ့ လူပုဂ္ဂိုလ်တွေ အဖွဲ့အစည်းများကို ပြစ်တင်ပြောဆိုတာမျိုး မဟုတ်ဘဲ လက်ရှိမြေပြင်အနေအထားမှာ ဖြစ်ပွားနေတဲ့ ပဋိပက္ခတွေကိုသာ မီးမောင်းထိုးပြလိုတဲ့ ရည်ရွယ်ချက်ဖြစ်ပါတယ်" ဟု Humanity Institute မှ ဦးအိုက်ဇက်အောင်က ပြောသည်။

အထက်ပါအစီရင်ခံစာတွင် ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီများ၏ လုပ်ကွက်များတွင် ကျောက်မျက်ဥပဒေကို လိုက်နာမှုရှိ/မရှိ စောင့်ကြည့်ပေးရန်၊ ရေမဆေးကျောက်ရှာဖွေသူများအား မြေစာပုံအန္တရာယ်နှင့်သက်ဆိုင်သော အသိပညာပေးခြင်း၊ ရေမဆေးကျောက်စိမ်း ရှာဖွေသူများ၏ လူဦးရေစာရင်းများအားတိကျစွာပြုစုပေးရန်နှင့် မှတ်ပုံတင်ပြုလုပ်ပေးရန်၊ ကျောက်စိမ်းတူးဖော်သည့်အတွက် သေဆုံးသည့် ကုမ္ပဏီဝန်ထမ်း ရေမဆေးကျောက်ရှာဖွေသူများအား တိကျသည့်သတင်းထုတ်ပြန်မှုများပြုလုပ်ရန်၊ အစိုးရအဖွဲ့အနေဖြင့် ကျောက်စိမ်းလုပ်ကွက်များတွင် နေထိုင်သည့် ဒေသခံပြည်သူများအား ဘက်စုံတိုးတက်ရန် ရေရှည်စီမံကိန်းများ ဆောင်ရွက်ပေးရန်နှင့် အလွန်အကျွံကျောက်စိမ်းတူးဖော်ခြင်းမှ ချက်ချင်းရပ်ဆိုင်းပေးရန် စသည့်အချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သယံဇာတဝန်ကြီးဌာနသို့ တောင်းဆိုထားသည်။

ယင်းအပြင် မြန်မာ့တပ်မတော် နှင့်မြန်မာနိုင်ငံရဲတပ်ဖွဲ့အား ကျောက်မျက်တူးဖော်သည့် ကုမ္ပဏီများ၏ လုံခြုံရေးတင်မကဘဲ အများပြည်သူများ အသက်အိုးအိမ်စည်းစိမ်ကိုပါ စောင့်ရှောက်ပေးရန်၊ လုံခြုံရေးအဖွဲ့များအနေဖြင့် ရေမဆေးကျောက်ရှာဖွေသူများနှင့် ပဋိပက္ခဖြစ်ပွားရာတွင် ရေမဆေးကျောက်ရှာဖွေသူများအား ပရမ်းပတာပစ်ခတ်မှုများ အတတ်နိုင်ဆုံး ရှောင်ကျဉ်ပေးရန် တောင်းဆိုထားသည်။

လက်နက်ကိုင်အဖွဲ့အစည်းများအား ကျောက်စိမ်းလုပ်ကွက်တွင် ပြည်သူလူထုများ သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိနေမှုများလျော့ချနိုင်ရန် အသိပညာပေးရန်နှင့် ဥပဒေချိုးဖောက်သည့် ပြည်သူများကို အကြောင်းမဲ့သတ်ဖြတ်ခြင်း မပြုဘဲ တရားဥပဒေအရအရေးယူဆောင်ရွက်ရန် ထပ်မံတောင်းဆိုထားသည်။

ယင်းအစီရင်ခံစာ ထုတ်ပြန်သည်နှင့်တစ်ပြိုင်နက် ဖားကန့်မြို့နယ်အတွင်း ကျောက်စိမ်းတူဖော်ရေးနှင့် ပတ်သက်သည့် ယခင်အခြေအနေများနှင့် ယခုအခြေအနေများကို ဓာတ်ပုံဆရာ ဦးစိုးဝင်းငြိမ်း၊ ကိုဇော်(ဖားကန့်)၊ ဇော်မိုးထက်(ဖားကန့်)၊ ကိုဉာဏ်လှိုင်လင်း၊ ဇော်ရိန်ဖရာနှင့် Salaum Gindai တို့ ရိုက်ကူးထားသည့် ဓာတ်ပုံပေါင်း ၈၀ ကျော်ကိုလည်း Humanity Institude ခန်းမဆောင်တွင် ဇူလိုင် ၂၀ မှ ၂၃ ရက်နေ့အထိ ပြသခဲ့သည်။

"ကျွန်တော်တို့ ဖားကန့်မှာနေလာတာ ကြာတာနဲ့အမျှ တောင်တွေက နေ့မြင်ညပျောက်ပျောက်ကုန်တယ်။ ပြည်နယ်သူပြည်နယ်သားတွေ ဘာအကျိုးခံစားခွင့်မှ မရဘူး။ အခုလိုဖားကန့်မှ ဖြစ်ပျက်နေတဲ့အရာတွေကို ပြည်သူလူထုရယ် အစိုးရရယ်ကို သိစေချင်လို့ ဓာတ်ပုံတွေ ပြဖြစ်တာပါ" ဟု ဓာတ်ပုံဆရာကိုဇော်မိုးထက်မှ ပြောသည်။

ကျောက်စိမ်းများပြန်လည်တူးဖော်ခွင့်ရရှိသည့် ၂၀၁၄ ခုနှစ်မှစတင်သည့်အချိန်မှ စတင်ပြီး ကျောက်မျက်လုပ်ကွက်များမှ စာရင်းကောက်ခံခဲ့ရာသေဆုံးသူပေါင်း၅၀၀ ခန့်ရှိပြီ ဖြစ်ကြောင်းလည်း သိရသည်။

စည်သူ(မြစ်ကြီးနား)

မြစ်ကြီးနားသတင်းဂျာနယ်

**အမှုဆောင်အရာရှိချုပ်**
ဘရန်မိုင်၊ ဇော်ခွန်း

**တာဝန်ခံ အယ်ဒီတာ**
ဆိုင်းမိုင်

**အယ်ဒီတာ**
ဇော်နိုင်ဦး

**သတင်းထောက်**
Salai၊ စည်သူ၊ မွန်းမွန်းပန်၊ အက်စတာ၊ ဆိုင်းလတ်အောင်၊ ဆန်လတ်၊ ခေါင်ဒေါင်နုတ်

**နယ်သတင်းထောက်**
သန်းထွန်းအောင်၊

**ကွန်ပျူတာစာစီ**
ဝေဝေအောင်

**ဂရပ်ဖစ်ဒီဇိုင်း၊ သတင်းစာဒီဇိုင်း**
La Tawng

**မြစ်ကြီးနားရုံးတာဝန်ခံ**
နိုနိုထက်နိုင်

**မိုးညှင်းရုံးတာဝန်ခံ**
နန်ဂျာ

**စာရင်းကိုင်**
နန်အောင်၊ ဘောက်နူးဂျာ

**စီးပွားရေးတာဝန်ခံ**
အိဇင်ဖြိုး၊ ဂျာစင်

**ဖြန့်ချိရေးတာဝန်ခံ**
ဇော်ထုန်

**တန်ဖိုး**
၅၀၀ ကျပ်

**ဖလင်**
KING

**ထုတ်ဝေသူ**
ဒေါ်ရွှေယဉ်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

**ပုံနှိပ်တိုက်**
ရွှေကျား (၀၀၅၇၁)

**ဆက်သွယ်ရန်**
အမှတ်(၁၆၄)၊ အင်ဂျန်ဒုံတောင်၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ - ၂၅၉၀၇၇၄၁၅
၀၉ - ၂၅၆၃၆၀၂၇၄
၀၉ - ၄၂၀၀၈၅၉၂၈
www.myitkyinanewsjournal.com
myitkyinanewsjournal@gmail.com
facebook.com/myitkyinanewsjournal.mm

ဤပုံနှိပ်မှတ်တမ်းတွင် ဖော်ပြထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ်၏ တာဝန်ရှိသူများဖြစ်သည်။ မြစ်ကြီးနားသတင်းဂျာနယ်တွင် ဖော်ပြပါရှိသော သတင်းများအတွက် ငွေကြေးသော်လည်းကောင်း၊ တံစိုးလက်ဆောင်သော်လည်းကောင်း၊ လက်ခံရယူခြင်းကို ဤမှတ်တမ်းပါ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။ မြစ်ကြီးနားသတင်းဂျာနယ် ရင်ထိုးတပ်ဆင်ထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ် သတင်းထောက်ဖြစ်ပါသည်။

# ဧရာဝတီမြစ်ကို ဖြတ်ပြီးကျောင်းတက်နေရသည့် မြစ်ဆုံဒေသမှ ကျောင်းသားများကို စေတနာရှင်တစ်ဦးက အသက်ကယ်အင်္ကျီများလှူဒါန်း



မြစ်ဆုံအောက်ဘက်၊ ဧရာဝတီမြစ်ကိုဖြတ်၍ နေ့စဉ်ကျောင်းတက်နေရသော ခန်းဘူရွာနှင့် မလိယန်ကျေးရွာမှ ကျောင်းသူကျောင်းသားများကို စေတနာရှင်တစ်ဦးက အသက်ကယ်အင်္ကျီနှင့် စာရေးကိရိယာများလှူဒါန်းခဲ့ကြောင်း သိရသည်။

မြစ်ကြီးနားမြို့၊ ကချင်စုရပ်ကွက်မှ အလှူရှင်ဦးအင်ဆွဲဆိန်ဂီမိသားစုက လှူဒါန်းခဲ့ခြင်းဖြစ်ကာ အသက်ကယ်အင်္ကျီ၊ ထီး၊ ဗလာစာအုပ်၊ ခဲတံ၊ ဖောင်တိန်နှင့် ခဲဖျက်များကိုလည်း ဇူလိုင်လ ၂၀ ရက်နေ့တွင် အောင်မြင်သာအထက်တန်းကျောင်းတွင် လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ကျောင်းသူကျောင်းသား ၃၃ ယောက်နှင့် စက်လှေဆရာ ၂ ယောက်အတွက်ပါ အသက်ကယ်အင်္ကျီ ၃၅ ထည်နှင့် ထီးများကို လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ခဲတံ၊ ခဲဖျက်၊ ဖောင်တိန်နှင့် ဗလာစာအုပ်များမှာ အောင်မြင်သာ အထက်တန်းကျောင်းတွင် ပညာသင်ကြားနေသည့် ခက်ခဲသည့် ကလေးများအတွက် လှူဒါန်းခြင်း ဖြစ်သည်။

"နောက်လည်း ကျန်တဲ့သတင်းတွေကို ဆက်လက်ပြီးတော့ လုပ်ပေးပါ။ မြစ်ကြီးနားသတင်းဂျာနယ်မှာပါတဲ့ ဒီသတင်းကြောင့် အခုကျွန်တော်တို့ ကြားရတယ်။ ကလေးတွေက ပညာတတ်ချင်လို့ ဟိုဘက်ကမ်းကနေ လှေစီးပြီးဒုက္ခနဲ့လာတဲ့ကိစ္စကို ကျွန်တော်တို့ ဘယ်နေနိုင်မလဲ နောက်လည်း မှန်ကန်တဲ့သတင်းတွေ ဒီလိုချို့တဲ့တဲ့နေရာတွေကို သီးခြားလွှင့်ပေးပါ"ဟု ဦးအင်ဆွဲဆိန်ဂီက ပြောသည်။

အောင်မြင်သာအထက်တန်းကျောင်းအုပ်ဆရာမကြီးကလည်း "ကျွန်မသက်တမ်းမှာ ဘယ်သူမှ ဒီလိုမျိုးလာလှူဒါန်းတာမရှိခဲ့ဘူး။ အခုက ပထမကြိမ်ပေါ့ အရမ်းလည်း ပျော်တယ်။ လမ်းခင်းပေးတဲ့ မြစ်ကြီးနားသတင်း ဂျာနယ်ကိုလည်း ကျေးဇူးတင်တယ်။ လာလှူပေးတဲ့ အလှူရှင်ကိုလည်း ကျေးဇူးတင်တယ်။ အားလုံးကို အရမ်းကျေးဇူးတင်တယ်" ဟု ပြောသည်။

မလိယန်ကျေးရွာသည်မြစ်ဆုံရေအားလျှပ်စစ် စီမံကိန်းကြောင့် ၂၀၁၁ ခုနှစ်က ပြောင်းရွှေ့ခံရသည့်ရွာ ဖြစ်သည်။ ယခင်တစ်ပတ်က ထုတ်ဝေခဲ့သော မြစ်ကြီးနားသတင်းဂျာနယ် မျက်နှာဖုံးတွင် "ဧရာဝတီမြစ်အပေါ်မူတည်နေသော ပညာရေး"ဟူသည့်ဆောင်းပါးတွင် ကျောင်းသားများခက်ခဲစွာ ကျောင်းတက်နေရပုံကို သတင်းထောက် ခေါန်နုတ်က ရေးသားဖော်ပြခဲ့သည်။

လဖိုင်လု၊ ခေါန်နုတ်

# ဖားကန့်တွင် လျှပ်စစ်မီတာအားလိုင်းများ ဖြန့်ဖြူးပေးနိုင်တော့မည်ဟုဆို

ဇူလိုင် ၁၉

ဖားကန့်ဒေသတွင် လျှပ်စစ်မီးဖြန့်ဖြူးပေးနိုင်တော့မည် ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

လက်ရှိအချိန်တွင် စမ်းသပ်ဖြန့်ဖြူးပေးနေပြီး ရာသီဥတုအခြေအနေပေါ် မူတည်ကာ အမြန်ဆုံးဖြန့်ဖြူးနိုင်ရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာစိုးနိုင်ထံမှ သိရသည်။

ဖားကန့်မြို့ပေါ်ရပ်ကွက် ၅ ခု၊ ကျေးရွာပေါင်း ၂၂ ရွာနှင့် ယင်းနေရာရှိ ရတနာနယ်မြေအားလုံးတွင် နိုင်ငံတော်ဓာတ်အားပေးစနစ်ဖြင့် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်းလည်း ဒေါက်တာစိုးနိုင်မှ နေပြည်တော်တွင်ဇူလိုင်လ ၁၂ ရက်နေ့က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင်ပြောကြားထားသည်။

ယင်းလျှပ်စစ်ဖြန့်ဖြူးမှုကို ပုဂ္ဂလိကကုမ္ပဏီများဖြစ်သည့် ရှယ်ဖန်မလီ၊ လဂရောင်းနှင့် ဆိုင်းမိုင်စသည့် လျှပ်စစ်ဖြန့်ဖြူးရေးကုမ္ပဏီတို့အား ပေးအပ်သွားမည်ဖြစ်ပြီး တစ်ယူနစ်လျှင် ၁၂၀ကျပ်သာကောက်ခံရန် မှာကြားထားကြောင်းလည်း ဖားကန့်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင့်စိုးထံမှ သိရသည်။

"နိုင်ငံတော်ကိုက တစ်ယူနစ်ကို ၆၀ ပေးရမယ်။ ပြန်ဖြန့်မယ်ဆိုရင် ကျွန်တော်တို့တင်ပြထားတာက ၁၂၀ ထက်မပိုရဘူး။"ဟု ဦးတင့်စိုးက ဆက်လက်ရှင်းပြသည်။

မီတာဘောက်နှုန်းထားများအနေဖြင့် ၇၀၀၀၀ ကျပ်နှင့် ဒီဂျစ်တယ်မီတာ ၉၀၀၀၀ ကျပ်တို့ကို ချထားပေးသွားမည်ဖြစ်ပြီး အမှန်တကယ် မီတာမီးများ ရရှိပြီဆိုပါက အထက်ပါမီတာဘောက် ကုန်ကျငွေများကို ကုမ္ပဏီများမှ ကျခံပေးသွားရမည် ဖြစ်ကြောင်းလည်း သိရသည်။

လက်ရှိအချိန်တွင် ကုမ္ပဏီများက ညနေ ၆ နာရီမှ ည ၁၂ နာရီခန့်အထိ ဖြန့်ဖြူးပေးလျက်ရှိပြီး တစ်ယူနစ်လျှင် ၉၀၀ ကျပ်နှုန်း ပေးဆောင်နေရသည်။

စည်သူ(မြစ်ကြီးနား)



# မိုးညှင်းမြို့နယ်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်နေရာ လစ်လပ်နေ

ကချင်ပြည်နယ်အတွင်း အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ မိုးညှင်းမြို့နယ် ကိုယ်စားပြု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းအိ ကွယ်လွန်သွားခဲ့သဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာတွင်လစ်လပ်နေကြောင်း မိုးညှင်းမြို့နယ်ရွေးကောက်ပွဲကော်မရှင်ရုံးမှ သိရသည်။ ဒေါ်စန်းစန်းအိ သည်အသက်(၅၀)နှစ်အရွယ်ရှိပြီး ပန်ကရိယ(ခ)သရက်ရွက် ကင်ဆာဝေဒနာဖြစ်နေသောကြောင့် နေပြည်တော် ကုတင် ၁၀၀၀ ဆန့် ဆေးရုံ၌ ဆေးကုသခံယူနေစဉ်ဇူလိုင်လ ၁၅ ရက် ည ၁၀ နာရီခွဲအချိန်က ကွယ်လွန်သွားခဲ့ကြောင်း မိုးညှင်းမြို့နယ်လွှတ်တော်ရုံးမှ သိရသည်။

"ပြည်ထောင်စုလွှတ်တော်ကနေ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ကို လစ်လပ်နေတဲ့ လွှတ်တော်ကိုယ်စားလှယ် နေရာအစားထိုးရွေးချယ်ပေးဖို့ တောင်းဆိုလာရင် ပြန်လည်ရွေးချယ်ပေးရမှာဖြစ်ပါတယ်"ဟု မိုးညှင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်ဦးစီးအရာရှိက ပြောသည်။


*အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ မိုးညှင်းမြို့နယ် ကိုယ်စားပြု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းအိ ၏အရှိုးပြာအိုး*

"ဒေါ်စန်းစန်းအိကွယ်လွန်တာသိရလို့ ကျွန်တော်တို့လည်း နေပြည်တော်ကိုလိုက်သွားဖို့ပြင်နေပါတယ်။ အခုလစ်လပ်နေတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာကို အစားထိုး ရွေးချယ်ပေးဖို့ဆိုတာ ဒီနှစ်အတွင်းမှာမဖြစ်နိုင်တော့ပါဘူး။ နောက်နှစ်တွေမှာလည်းကြားဖြတ်ရွေးကောက်ပွဲရှိမှသာ ရွေးချယ်ပေးနိုင်မှာပါ" ဟု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးတင်အေးက ပြောသည်။

မြန်မာတစ်နိုင်ငံလုံးရှိ လစ်လပ်နေသော လွှတ်တော်ကိုယ်စားလှယ်နေရာအစား ကြားဖြတ်ရွေးကောက်ပွဲ အနေနဲ့ ၂၀၁၇ခုနှစ်တွင် ၁၉ နေရာရွေးချယ်ပေးခဲ့ပြီး ၂၀၁၈ အောက်တိုဘာလတွင် ၁၃ နေရာအား ထပ်မံရွေးချယ်သွားမည်ဖြစ်ကြောင်း၊ ယခု လစ်လပ်သွားခဲ့သော ပြည်သူ့လွှတ်တော်နေရာအတွက် ၂၀၁၉ ခုနှစ်တွင် ကြားဖြတ်ရွေးကောက်ပွဲရှိမှသာပြန်လည်ရွေးချယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအမျိုးသားဒီမိုကရေစီပါတီမှ လစ်လပ်နေသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာတစ်ခုအား ပြန်လည်အစားထိုးရန်ကြားဖြတ်ရွေးကာက်ပွဲ မပြုလုပ်ပေးနိုင်ပါက မိုးညှင်းမြို့နယ် ဖွံ့ဖြိုးရေးများအတွက် အခက်အခဲများဖြစ်မည်ကို စိုးရိမ်နေကြောင်းဒေသခံများမှ သိရသည်။

ထွန်းထွန်း (မိုးညှင်း)




## ကချင်ပြည်နယ်ဥက္ကဋ္ဌဟောင်း ဒူဝါဇန်ထဆင်၏ ဇနီးကွယ်လွန်

ကချင်ပြည်နယ်ဥက္ကဋ္ဌဟောင်းဒူဝါဇန်ထဆင်၏ ဇနီး ခါးဝေါမ်လုတောင်၊ အသက် ၉၀ နှစ်သည် ဇူလိုင် ၁၇ရက်နံနက်ပိုင်းချိန်က ခရစ်တော်၌အိပ်ပျော်ခဲ့သည်။

ဆွမ်ပရာဘွမ်ဇာတိဖြစ်သူ ဒူဂျန်ခါးဝေါမ်လုတောင်သည် ပူတာအို၊ မချမ်းဘောဇာတိ ကချင်ပြည်နယ်ဥက္ကဋ္ဌဟောင်း ဒူဝါဇန်ထဆင်နှင့် ၁၉၄၆ ခုနှစ်မှာ လက်ထပ်ထိမ်းမြားခဲ့ပြီး သား ၃ ဦးနှင့် သမီး ၆ ဦး ထွန်းကားခဲ့သည်။ မြေး ၃၄ ယောက်၊ မြစ် ၅၄ ယောက်နှင့် တီ ၁ ယောက် တို့ဖြစ်သည်။

ဒူဝါဆန်ထဆင်သည် ၁၉၅၆ ခုနှစ်တွင် ကချင်ပြည်နယ်ဥက္ကဋ္ဌတာဝန် ထမ်းဆောင်ခဲ့သူဖြစ်ပြီး ၁၉၇၀ ခုနှစ် ဒူဝါဇန်ထဆင် ကွယ်လွန်ခဲ့ချိန်ကစပြီး ဒူဂျန်ခါးဝေါမ်လုတောင်သည် သားသမီးကိုးယောက်ကို ကြံခင်းလုပ်ငန်း၊ ဂျပ်ခုတ်လုပ်ငန်းများကို ကြိုးစားလုပ်ကိုင် ထောက်ပံ့ခဲ့သည်။

ဒူဂျန်ခါးဝေါမ်လုတောင်သည် ဘာသာတရားကိုင်းရှိုင်းသူ၊ စိတ်ရှည်သည်းခံသူ၊ ဆွေမျိုးသားချင်းများကို ကူညီဖေးမစောင့်ရှောက်သူတစ်ဦး ဖြစ်သည်။

ဒူဝါဇန်ထဆင်သည် ကချင်ပြည်နယ်ဥက္ကဋ္ဌတာဝန်ကို ၁၉၅၆ ခုနှစ်မှ တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၅၈ ခုနှစ်တွင် အိမ်စောင့်အစိုးရက အာဏာသိမ်းခဲ့သည်။

# Editorial
## အယ်ဒီတာ့အာဘော်

## အာဇာနည်နေ့ကိုဖြင့် မမေ့သင့်ပါပြီ

မြန်မာနိုင်ငံသူ နိုင်ငံသားတွေအတွက် အောက်မေ့တသဖွယ် အာဇာနည်နေ့အခမ်းအနားများကို ခမ်းခမ်းနားနား မကျင်းပဖြစ်သည်မှာ အတော်ကြာခဲ့ပါပြီ။ မေ့မေ့လျော့လျော့ဖြစ်အောင် တမင်လုပ်ကြံခဲ့ခြင်းလား။ သမိုင်းလမ်းကြောင်း ပြောင်းလို၍လား ဆိုသည်ကိုတော့ ကာယရှင် အာဏာရှင်များ သာသိခဲ့လိမ့်မည်။

၁၉၄၇ ခုနှစ် မြန်မာစံတော်ချိန် ၁၀ နာရီ ၃၇ မိနစ်တွင် ရန်ကုန်မြို့လယ်ရှိ ဝန်ကြီးများရုံးတွင် အစည်းအဝေးကျင်းပနေခိုက် အင်္ဂလိပ်ခေတ်မြို့စောင့်တပ်အမှတ်(၁၂)သေနတ်ကိုင်တပ်ရင်း ဘက်တံဆိပ်ပါ ယူနီဖောင်းဝတ်ထားသော လူတစ်စုသည် ဝန်ကြီးများရုံးအတွင်း ဝင်ရောက်ကာ မြန်မာ့လွတ်လပ်ရေးခေါင်းဆောင်အချို့ကို ပစ်ခတ်လုပ်ကြံခဲ့ကြသည်။

လုပ်ကြံခံခဲ့ကြရသူများမှာ ဝန်ကြီးချုပ်ဦးအောင်ဆန်း၊ ပြန်ကြားရေးဌာနဝန်ကြီး ဦးဘချို၊ စီးပွားရေးနှင့် ထောက်ပံ့ရေးဌာနဝန်ကြီး ဦးဘဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး သခင်မြ၊ ပညာရေးနှင့် အမျိုးသားစီမံကိန်းဌာနဝန်ကြီး ဦးအဗ္ဗဒူရာဇတ်၊ နယ်ခြားဒေသများဆိုင်ရာဌာနဝန်ကြီး စဝ်စံထွန်း၊ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဒုဝန်ကြီး ဦးအုန်းမောင်နှင့် ဦးရာဇတ်၏ သက်တော်စောင့် ရဲဘော်မောင်ထွေးတို့ဖြစ်ကြောင်း မြန်မာပြည်သူ လူလတ်၊ လူကြီးပိုင်းများမှတ်မှတ်ထင်ထင်ရှိနေသော်လည်း နှောင်းခေတ်လူငယ်များအဖို့ သိသူနည်းလာခဲ့ရသည်။

ယင်းနိုင်ငံတော်လုပ်ကြံမှုကြီးကို အတိုက်အခံ နိုင်ငံရေးအဖွဲ့အစည်းတစ်ခုမှ ကြိုတင်ကြံစည်ခဲ့ခြင်း ဖြစ်သည်။ ထိုအဖွဲ့ကိုနောက်ကွယ်မှ ကြိုးကိုင်သူအဖြစ်ဂဠုန်ဦးစောကို စွပ်စွဲပြီး ဦးစောနှင့် အပေါင်းအပါများဖြစ်သော ခင်မောင်ရင်၊ သုခ၊ မောင်နီ၊ သက်နှင်း၊ မောင်စိုး၊ မှုန်ကြီးတို့ကို စစ်ဆေးကာ ၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် သေဒဏ်ချမှတ်ခဲ့သည်။

တရားခံများက အဆင့်ဆင့်အယူခံဝင်သော်လည်း တရားလွှတ်တော်ချုပ်က ပယ်ချသဖြင့် နိုင်ငံတော် သမ္မတထံ အသနားခံစာတင်ပြသည့်အခါ ခင်မောင်ရင်၊ သုခနှင့်မောင်နီတို့ သုံးဦးအပေါ် ချမှတ်ထားသော သေဒဏ်အမိန့်ကိုပယ်ဖျက်ပြီး ထောင်ဒဏ်တစ်သက်တစ်ကျွန်းအမိန့်ကို ပြောင်းလဲချမှတ်ခဲ့သည်။

ကျန်တရားခံများဖြစ်သော ဂဠုန်ဦးစော၊ မောင်စိုး၊ သက်နှင်းနှင့်မှုန်ကြီးတို့ကို ရန်ကုန်အကျဉ်းထောင်တွင်လည်းကောင်း၊ စိန်ကြီးနှင့် ရန်ကြီးအောင်တို့ကို အင်းစိန်အကျဉ်းထောင်တွင်လည်းကောင်း ၁၉၄၈ ခုနှစ် မေလ ၈ ရက် အရုဏ်တက်မနက် ၅ နာရီခွဲတွင် ကြိုးပေးသတ်ဖြတ်ခဲ့သည်။

အာဏာ အရှိန်အဝါရလိုမှု၏နောက်က နိုင်ငံရေးသည် ပရိယာယ် များလွန်းလှ၏။ အာဏာရမှုက်က ကြောက်စရာကောင်းလွန်းလှ၏။ မည်သို့ပင်ဆိုစေ လွန်ခဲ့သော ဆယ်စုနှစ်များက ခြုံနွယ်ပိတ်ပေါင်းများဖြင့် ထူထပ်နေသော အာဇာနည်ကုန်းများပြန်လည် ထင်ပေါ်လာခဲ့သည်ကို အစိုးရဟောင်းကိုရော၊ အစိုးရသစ်ကိုပါ ကျေးဇူးတင်ရပါလိမ့်မည်။

ကြိုးစားရိုးသား၍ တောင်တန်းဒေသ တိုင်းရင်းသားခေါင်းဆောင်များ၏ ယုံကြည်မှုကိုရရှိခဲ့ပြီး မြန်မာ့သမိုင်းတွင် အရေးပါသော တိုင်းရင်းသားပေါင်းစုံ သွေးစည်းညီညွတ်ရေး ဦးစီးဦးဆောင်ပြီးခါမှ လုပ်ကြံခံခဲ့ကြရသော အာဇာနည်ကြီးများကို နောက်တစ်ကြိမ် ထပ်မံ အမေ့လျော့ခံ မဖြစ်အောင် စွမ်းဆောင်ကြပါစို့။

မြစ်ကြီးနားသတင်းဂျာနယ်

# ကဘူဒမ်းစစ်ရှောင်စခန်းသည် တရားဝင်စခန်းမဟုတ်သေး၍ ထောက်ပံ့မှုမပေးဟုဆို

မြစ်ကြီးနား၊ ဇူလိုင် ၁၇


ကဘူဒမ်းစစ်ရှောင်တွင်အကူအညီများ လိုအပ်နေသော်လည်း ထိုစခန်းသည် တရားဝင်စစ်ရှောင်စခန်းမဟုတ်သောကြောင့် ထောက်ပံ့မှုများကို မပေးနိုင်ခြင်းဖြစ်ကြောင်း လူမှုရေးဝန်ကြီးက ပြောသည်ဟု ပြည်နယ်အစိုးရအဖွဲ့ဝင် ရဝမ်တိုင်းရင်းသားရေးရာဝန်ကြီးဦးရန်နန်းဖုန်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

“ဒီကဘူဒမ်းစစ်ရှောင်ကိစ္စနဲ့ ဒုတိယအကြိမ် ဆွေးနွေးတယ်။ ဆွေးနွေးတဲ့အခါမှာ လူမှုရေးဝန်ကြီးက ဘာတစ်ခု ကျွန်တော်ကို ဖြေကြားသလဲဆိုရင် တရားဝင်သတ်မှတ်ထားတဲ့စစ်ရှောင်စခန်းမဟုတ်တဲ့အတွက်ကြောင့် ကျွန်တော်တို့က ကူညီထောက်ပံ့မှုမပေးနိုင်ဘူး။ ဒီလိုမျိုး ဖြေကြားခဲ့တယ်”ဟု ဦးနန်ရန်ဖုန်က ပြောသည်။

မြစ်ကြီးနားမြို့ပေါ်ရပ်ကွက်တစ်ခုဖြစ်သော နန်းကွေ့ရပ်ကွက်နယ်မြေ ၇ ရှိ ခရစ်တော်၏အသင်းတော်တွင် ဖွင့်လှစ်ထားသည့် ကဘူဒမ်းစစ်ရှောင်စခန်းမှာ အခက်အခဲများစွာဖြင့် ကြုံတွေ့နေရသော်လည်း ပြည်နယ်အစိုးရ၏အထောက်အပံ့မရရခြင်းမှာ တရားဝင်စစ်ရှောင်စခန်း မဟုတ်သောကြောင့် လူမှုရေးဝန်ကြီးမှ အကူအညီများကို မပေးခြင်းဖြစ်သည်ဟု ပြည်နယ်အစိုးရအဖွဲ့ဝင် ရဝမ်တိုင်းရင်းသားရေးရာဝန်ကြီးက ယခု ဇူလိုင်လ ၉ ရက်နေ့တွင် အဆိုပါစစ်ရှောင်ခန်း၌ ပြုလုပ်သည့် တစ်နှစ်ပြည့် တွေ့ဆုံဆုတောင်းပွဲတွင် အထက်ပါအတိုင်း ပြောပြလိုက်ခြင်းဖြစ်သည်။

အဆိုပါစစ်ရှောင်စခန်းသို့ စစ်ရှောင်လာကြသူများမှာ တနိုင်းလမ်းပေါ်ရှိ တိန်ကောက်ကျေးရွာ(ရဝမ်ကုန်း)မှ နေထိုင်ကြသူများဖြစ်ပြီး၊ ၂၀၁၇ ခုနှစ် ဇူလိုင်လ ၉ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့်စစ်ပွဲကို အမှန်တကယ် ကြုံတွေ့ခဲ့ကြရသူများဖြစ်သည်။

ထိုတိုက်ပွဲများကြောင့် လက်နက်ကျည်ဆံဦးခေါင်းတွင်ထိမှန်ပြီး နှစ်နှစ်အရွယ်ကလေးငယ် မောင်ဆန်နိုင်ဒီး အဆိုပါနေရာတွင် သေဆုံးသွားခဲ့ပြီး၊ အခြားသူများမှာလည်း သေနတ်ကျည်ဆံထိမှန်မှုများ၊ သေနတ်တင်ဖြင့်ရိုက်ထုခံရသည့် ဒဏ်ရာရရှိမှုများ၊ လက်နောက်ပြန်ကြိုးတုပ်ပြီး အစာရေစာလုံးဝမကျွေးဘဲ







နန်းကွေ့ရပ်ကွက်နယ်မြေ ၇ ရှိ ခရစ်တော်၏အသင်းတော်တွင် ဖွင့်လှစ်ထားသည့် ကဘူဒမ်း စစ်ရှောင်စခန်း ဓာတ်ပုံ - ဆိုင်းလတ်အောင်

မျက်နှာစည်းခံခဲ့ရသူများဖြစ်ကြသည်။

“ရွာသားတွေနေထိုင်တဲ့ ရွာမှာ/ အိမ်မှာကင်ပုန်းတွေ ချထားပြီး နှစ်ဖွဲ့စုံကြတဲ့အခါမှာ သူတို့တိုက်ပွဲဖြစ်ခဲ့တယ်။ ရွာသားတွေဖြစ်တဲ့ ပြည်သူလူထုတွေက တိုက်ခိုက်တာမဟုတ်ဘူး။ စစ်မြေပြင်က ရွာသားတွေနေတဲ့နေရာမှာ ဖြစ်ဖို့မဟုတ်ပါဘူး။ တခြားနေရာတွေ အများကြီးရှိပါတယ်။ ဒီနေရာမှာ ရွာသားတွေရှိတဲ့နေရာမှာမှ တိုက်ပွဲဖြစ်အောင်/ စစ်ပွဲဖြစ်အောင် ဖန်တီးတာတော့ ကျွန်တော်တကယ် စိတ်မကောင်းဘူး”ဟု ဦးရန်နန်းဖုန်က ဆက်ပြောသည်။

လက်ရှိကဘူဒမ်းစစ်ရှောင်စခန်းနေရာသို့ တနိုင်းမှအဆင်းကားချိတ်ပြီး ၂၀၁၇ ခုနှစ် ဇူလိုင် ၁၃ ရက်နေ့တွင် အိမ်ထောင်စု ၂၃ စုမှ လူဦးရေ ၆၀ နီးပါး စစ်ရှောင်ရောက်ရှိလာကြသည်မှာ တစ်နှစ်ခန့် ကြာမြင့်ပြီဖြစ် ပြည်နယ်အစိုးရအဖွဲ့၏အကူအညီ အထောက်အပံ့များရရှိနိုင်ရန် လူမှုရေးဝန်ကြီးထံ အကြိမ်ကြိမ်တင်ပြတောင်းခံသော်လည်း ထွေအုပ်စာရင်းအရပေးခြင်းသာဖြစ်သောကြောင့် ခရိုင်ထွေအုပ်အုပ်ချုပ်ရေးမှူးထံတွင်လည်း အကူအညီတောင်းခံခဲ့သည်ဟု ဆက်ပြောသည်။

“စစ်ရှောင်ဆိုတဲ့နေရာမှာ တရားဝင်သတ်မှတ်မယ်ဆိုတာက အစိုးရအနေနဲ့သတ်မှတ်မှ တရားဝင်ဖြစ်တာ။ ဒီနေရာလည်း အမှန်တကယ်လိုအပ်တဲ့နေရာ ဖြစ်တဲ့အတွက်ကြောင့်မို့ သတ်မှတ်ပေးပြီး ထောက်ပံ့ကူညီပေးရင်မကောင်းဘူးလားလို့ ကျွန်တော်တင်ပြခဲ့ပါတယ်။ အဲ့ဒီအခါမှာ ထွေအုပ်စာရင်းကိုပဲ ကျွန်တော်တို့ကကြည့်တာ။ အဓိကထွေအုပ်စာရင်းအတိုင်း ထွေအုပ်ကနေတက်လာတဲ့စာရင်းကိုပဲ လက်ခံတယ်ဆိုလို ခရိုင်အုပ်ချုပ်ရေးမှူးကို ဖုန်းဆက်ပြီး ဒီကဘူဒမ်းစစ်ရှောင်တွေကို တရားဝင်ကူညီပေးဖို့ တောင်းခံခဲ့ပါတယ်”ဟု ဆက်ပြောသည်။

ယခု အဆိုပါစစ်ရှောင်စခန်းမှာတစ်နှစ်ခန့်ကြာမြင့်လာပြီဖြစ်သော်လည်း စစ်ရှောင်များသီးသန့်နေထိုင်ရန် မြေနေရာမရှိခြင်း၊UN ကလှူဒါန်းထားသည့် မိုးကာတဲအဖြူများဖြင့်သာ နေထိုင်နေရခြင်း၊ ပြောင်းလဲလာသည့်ရာသီဥတုကြောင့် ကျန်းမာရေးဆိုးရွားလာပြီး စစ်ရှောင်များအသက်သေဆုံးမှုပင် ရှိလာပြီဖြစ်သည်။

“ကျန်းမာရေးအခြေအနေက ဘာတွေ့ရလဲဆိုတော့ နေ့ပိုင်းမှာက နေအရမ်းပူလို့ ညမှဝင်အိပ်နိုင်တယ်။ သူတို့အထဲမှာ အသက်ကြီးပိုင်းရော၊ လူငယ်ရော၊ ကလေးရော ကျန်းမာရေးထိကြတယ်။ အထူးသဖြင့် ဒီမှာ နာတာရှည်အမျိုးသမီးတယောက်က အရင်ပိုင်းမှာ ဘာမှမဖြစ်ဘူး။ အဲလိုနေနေရတော့ အပူရှပ်ပြီးဆုံးပါးသွားတယ်။ မွေးကင်းစကလေးငယ်လည်း ဒီစခန်းမှာရှိတယ်။ အကုန်လုံး ဒီတဲထဲမှာပဲ နေနေရတယ်”ဟု ကဘူဒမ်းစစ်ရှောင်စခန်းတာဝန်ခံ ဦးဆန်နိုင်ဖီက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

အဆိုပါစစ်ရှောင်စခန်းနှင့်ပတ်သက်ပြီး ပြည်နယ်အစိုးရထံတွင်လည်း အကြိမ်ကြိမ်တင်ပြခဲ့သော်လည်း ယနေ့အထိ တစ်စုံတစ်ရာထောက်ပံ့နိုင်မှုမရှိသေးကြောင်း စခန်းတာဝန်ခံမှ ဆက်ပြောသည်။

“တခြား တိုင်းရင်းသားဝန်ကြီးတွေလည်း လာရောက်တာမရှိသေးဘူး။ ဘားမှလည်း ထောက်ပံ့မှုမရှိသေးဘူး။ အကြောင်းကြားထားပြီ။ ခုဏက ပြောသလိုပဲ ဝန်ကြီးချုပ်ကိုလည်း စာတင်ထားပြီးပြီ။ ခရိုင်/မြို့နယ် အုပ်ချုပ်ရေးမှူး အကုန်လုံးကိုလည်း တင်ထားပြီးပြီ”ဟု ဦးဆန်နိုင်ဖီက ပြောသည်။

လက်ရှိ စစ်ရှောင်စခန်းမှာ UN က ထောက်ပံ့ပေးထားသော မိုးကာတဲများဖြင့် နေနေရသည်မှာ တစ်နှစ်နီးပါး ကြာမြင့်လာပြီဖြစ်ပြီး အသစ်လဲလှယ်နိုင်ရန်အတွက် UNကို တင်ပြတောင်းခံထားသည့်အပြင် စစ်ရှောင် ကျောင်းသူကျောင်းသား၏ ပညာရေးတွင်လည်း အကူအညီများစွာ လိုအပ်နေသေးသည်ဟု သိရသည်။

“တဲရှင်နဲ့ နေနေရတာက ဆယ်လလောက်ရှိပြီ။ အထဲမှာက ကွပ်ပျစ်ထိုးပြီး နေနေတယ်။ ဒီဟာတွေထပ်လဲသွားဖို့ တောင်းထားတယ်။UNHCR ကလည်းပဲ စစ်ရှောင်တွေများတဲ့အတွက်ကြောင့် ဒီဘက်ကို ဦးစားသိပ်မပေးနိုင်လောက်ဘူး။ ကျောင်းသွားရေးလာရေးက ခက်ခဲတယ်။ ကျူရှင်တက်ဖို့လည်းခက်တယ်”ဟုဦးဆန်နိုင်ဖီက ပြောသည်။

စစ်ရှောင်လာသူတို့မှာ ယခုစခန်းတွင် အချိန်မည်မျှကြာသည်အထိ နေရမည်ကိုမသိသည့်အပြင် မိမိတို့ရွာနေပြန်သွားမည်ဆိုပါကလည်း တိုက်ပွဲများတစ်ဖန်ပြန်ဖြစ်ကာ မိမိတို့အသတ်ခံရမည်ကို စိုးရိမ်မိသည်ဟု စစ်ရှောင်တစ်ဦးဖြစ်သူ ဒေါ်ညောင်လင်းလွန်က ရင်တွင်းခံစားချက်အား ပြောပြသည်။

“ဒီမှာက မိသားစုအမျိုးတွေလည်း မရှိဘူး။ ကျွန်မတို့ စစ်ရှောင်တွေကို ခေါ်နေချင်တဲ့သူတွေလည်း မရှိပါဘူး။ ဒီဘုရားကျောင်းလေးပဲ ရှိတယ်။ အခုဆိုရင် ကျွန်မတို့အမျိုးသမီးတွေအများစုက ဒုန်းဆိုတဲ့ အသံကြားရင်ကို ကျွန်မတို့ကို လာသတ်ပြီးလားလို့ စိတ်ဂယောင်ချောက်ချားဖြစ်နေကြရတယ်။ အခုတော့ စိတ်ဂယောင်ချောက်ချားဖြစ်နေတာပျောက်ကွယ်လုနီးပါးရှိနေပါပြီ”ဟု ဒေါ်ညောင်လင်းလွန်က ပြောသည်။

လက်ရှိအချိန်တွင် အဆိုပါစစ်ရှောင်စခန်းတွင် အိမ်ထောင်စု ၁၄စု ၊ လူဦးရေစုစုပေါင်း ၃၅ ဦးနေထိုင်လျက်ရှိနေပါသေးသည်။

ဆိုင်း (ကချင်မြေ)

# တတိယအကြိမ် ၂၁ ရာစုပင်လုံညီလာခံသည် ငြိမ်းချမ်းရေးအတွက် ခြေလှမ်းတစ်ခုဖြစ်ကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများသုံးသပ်

မျက်နှာဖုံးစာမျက်နှာ မှ »

၂၁ရာစုပင်လုံ တတိယအကြိမ်အစည်းအဝေးနောက်ဆုံး ပိတ်ပွဲအခမ်းအနားတွင် ကဏ္ဍလေးခုမှ အချက်ပေါင်း ၁၄ ချက်ကို ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၂) အဖြစ် လက်မှတ်ရေးထိုးခဲ့ကြသည်။








UPDJC မှ တင်သွင်းလာသည့် ကဏ္ဍအလိုက် စုစည်းချက်များကို အစိုးရ၊ တပ်မတော်၊ လွှတ်တော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီအစုအဖွဲ့များက အဆင့်ဆင့်ဆွေးနွေးကာ ရရှိလာသောအဆိုပြုချက်များကို ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်း ၂ အဖြစ် သဘောတူညီမှုရရှိကာ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

နိုင်ငံရေးကဏ္ဍတွင်ကျား/မဆိုင်ရာတန်းတူညီမျှမှု ခေါင်းစဉ်မှ ၄ ချက်၊ စီးပွားရေးကဏ္ဍတွင်၁ချက်၊လူမှုရေးကဏ္ဍတွင် ၇ ချက်၊ မြေယာ နှင့် သဘာဝပတ်ဝန်းကျင် ကဏ္ဍတွင် ၂ ချက် စုစုပေါင်း ၁၄ ချက်ကို ညီလာခံနောက်ဆုံးနေ့တွင် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၂)အဖြစ် လက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်သည်။

ယခုကဲ့သို့ ညီလာခံနောက်ဆုံးရက်တွင် အချက်ပေါင်း ၁၄ ချက်ကို ချုပ်ဆိုအတည်ပြုနိုင်သည့်အတွက် နောက်ထပ်ငြိမ်းချမ်းရေးဆွေးနွေးပွဲ အတွက် လမ်းပွင့်သွားပြီ ဟုလည်း PNLO ဒုဥက္ကဋ္ဌ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) အတွင်းရေးမှူးခွန်မြင့်ထွန်းက ဆိုသည်။

"ဒီနေ့ ညီလာခံ ရလဒ်မှာ ၁၄ ချက်ပဲ ရတယ်ဆိုပေမယ့်နောင် ဆွေးနွေးဖို့အတွက်တော့ လမ်းတွေအများကြီး ပွင့်သွားပြီဖြစ်တယ်၊ နောက် ငြိမ်းချမ်းရေးဖြစ်စဉ်က ရပ်တန့်မနေဘူး ရှေ့ကို ဆက်နေတယ်ဆိုတာ ကျွန်တော်တို့ ပြသနိုင်ပါတယ်"ဟု ခွန်မြင့်ထွန်းက ပြောသည်။

ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၂)အဖြစ် ၁၄ ချက်သာ ရရှိခဲ့သော်လည်း အခြေခံမှုများရရှိလာရန် အစုအဖွဲ့အလိုက် တင်သွင်းလာသည့်စာတမ်းများကို အခြေခံပြီး အကျေအလည်ဆွေးနွေးညှိနိုင်းမှုမှ ရရှိလာခြင်းဖြစ်သည်။

ညီလာခံနောက်ဆုံးနေ့က နိုင်ငံတော်၏ အတိုင်အပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ပြောကြားရာတွင် "ဒီအခြေခံမှုတွေ ရရှိလာအောင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေနဲ့ အစုအဖွဲ့အလိုက် တင်သွင်းလာတဲ့စာတမ်းတွေကိုအခြေခံပြီး လုပ်ငန်းကော်မတီ အစည်းအဝေး UPDJC အစည်းအဝေးနဲ့ ညီလာခံအစည်းအဝေးမှာ အကျေအလည် ဆွေးနွေးညှိနှိုင်းပြီးရရှိလာတာဖြစ်တဲ့အတွက် အစုအဖွဲ့အားလုံး သဘောတူညီမှုတွေ ရရှိအောင် ရှာဖွေနိုင်ခဲ့တာဟာ ကျွန်မတို့အတွက် ဝမ်းမြောက်စရာ ဂုဏ်ယူစရာဖြစ်နေမှာပါ"ဟု ပိတ်ပွဲနေ့မိန့်ခွန်းတွင်ထည့်သွင်း ပြောဆိုခဲ့သည်။

ယင်းသဘောတူညီချက်၁၄ ချက်ကို အစိုးရအစုအဖွဲ့မှ ဒေါက်တာတင်မျိုးဝင်း၊ လွှတ်တော်အစုအဖွဲ့မှ ဦးအောင်စိုး၊ တပ်မတော် အစုအဖွဲ့မှဗိုလ်ချုပ်စန်းမြင့်၊ တိုင်းရင်းသားလက်နက်ကိုင် အစုအဖွဲ့မှ ဒေါက်တာဆလိုင်းလျှံမှုန်းဆာခေါင်းနှင့် နိုင်ငံရေးပါတီ အစုအဖွဲ့မှ ဦးသုဝေတို့က ပြည်ထောင်စုသဘောတူညီမှု စာချုပ်အစိတ်အပိုင်း ၂တွင်ကိုယ်စားလှယ်အဖြစ် လက်မှတ်ရေးထိုးခဲ့သည်။

"နိုင်ငံရေးကို ဘာနဲ့ဖြေရှင်းမလဲဆိုရင် တွေ့ဆုံဆွေးနွေးပွဲညီလာခံဟာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနဲ့ဖြေရှင်းတဲ့ စားပွဲဝိုင်းဖြစ်တယ်။ ရပ်ထားရင် ဘယ်လိုမှဖြေရှင်းလို့မရဘူး ညီလာခံကျင်းပနိုင်တာကိုက တော်တော်လေးကိုအကျိုးရှိနေပြီ။ ချမှတ်နိုင်သလောက်ဟာ အရေးကြီးပါတယ် အားရတယ် များများမချမှတ်နိုင်တာတစ်ခုပါပဲ ရသလောက်ရထားတာက အကျိုးရှိပါတယ်"ဟု ဒေါက်တာတူးဂျာက ထပ်မံပြောဆိုသည်။

ညီလာခံ နောက်ဆုံးနေ့တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံ တတိယအကြိမ် အစည်းအဝေး၏ သဘောထားထုတ်ပြန်ကြေညာချက် ထုတ်ပြန်ခဲ့သည်။

အဆိုပါထုတ်ပြန်ချက်တွင် နောက်ထပ်ညီလာခံများကို ယခုနှစ် ၂၀၁၈ ခုနှစ်အတွင်းတွင် နောက်ထပ်တစ်ကြိမ် ကျင်းပနိုင်ရေးနှင့် ၂၀၁၉ ခုနှစ်တွင် ၂ ကြိမ် ကျင်းပနိုင်ရေးတို့ ပါရှိသည်။

ဆက်လက်ကျင်းပမည့် ညီလာခံ တစ်ကြိမ်စီတိုင်းတွင် ဦးတည်သည့် အဆင့်ဆင့်သောအစည်းအဝေးများကို အောင်မြင်စွာကျင်းပပြီး ညီလာခံ ၃ ကြိမ်တွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စု၏ အခြေခံအုတ်မြစ်အဖြစ် ဒီမိုကရေစီနှင့်ဖက်ဒရယ်ဆိုင်ရာမူများကို ချမှတ်နိုင်ရေး စသည်တို့ကို ထုတ်ပြန်ကြေညာချက်တွင် ရေးသားဖော်ပြထားသည်။

၂၁ ရာစုပင်လုံ ဒုတိယအစည်းအဝေးတွင် ကဏ္ဍလေးခုမှ အချက်ပေါင်း ၃၇ ချက်သဘောတူခဲ့ပြီးယခုညီလာခံတွင် ၁၄ ချက်ကို သဘောတူနိုင်ခဲ့သည် ပြည်ထောင်စုသဘောတူစာချုပ်တွင် အချက်ပေါင်း ၅၁ ချက်ကို ထည့်သွင်းလက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

တတိယအကြိမ် ညီလာခံအစည်းအဝေးအား နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန ၂ တွင် ဇူလိုင်၁၁ရက်နေ့မှ၁၆ရက်နေ့ထိ ကျင်းပပြုလုပ်ခဲ့ပြီး ညီလာခံသို့ အစုအဖွဲ့အားလုံးမှ ညီလာခံကိုယ်စားလှယ် ၇၀၀ ဦး၊ အထူးဖိတ်ကြား၍ တက်ရောက်သူ ၂၉ ဦး၊ လေ့လာသူ ၂၀၄ ဦး၊ အကျိုးဆောင် ၂၇ ဦးနှင့် အထောက်အကူပြု ၁၅၂ ဦး တက်ရောက်လာသူ စုစုပေါင်း ၁၁၁၂ ဦးတွင် အမျိုးသမီး ၂၂ ရာခိုင်နှုန်းခန့် တက်ရောက်ခဲ့ကြသည်။

Salai




# ဇူလိုင် ၁၉ နှင့်သေကံမရောက် သက်မပျောက်

အင်ခိုင်ဘွမ်

ဝန်ကြီးများအစည်းအဝေးကို တစ်ပတ်လျှင် တစ်ကြိမ်ကျင်းပလေ့ရှိသည်။ များသောအားဖြင့် ဗုဒ္ဓဟူးနေ့ ၁၀ နာရီတွင်ဖြစ်လေ့ရှိသည်။ ဇူလိုင် ၁၆ ရက်နေ့သည် ဗုဒ္ဓဟူးနေ့တွင် ဝန်ကြီးများအစည်းအဝေးနှင့် လွှတ်တော်ကော်မတီအစည်းအဝေးမှာ တိုက်ဆိုင်နေသည်။ "ဟေ-ဟုတ်လား။ ဒါဖြင့် လွှတ်တော်ကော်မတီကိုပဲ တက်မယ်။ အီးစီကို စနေနေ့မနက်ပြောင်းလိုက်ကွာ"ဟု ဗိုလ်ချုပ်အောင်ဆန်းက ဗိုလ်ထွန်းလှကိုပြောလိုက်သည်။ ဇူလိုင်လ ၁၉ ရက်နေ့ ဝန်ကြီးများရုံးတွင် အစည်းအဝေးရှိမည်။ ထိုအစည်းအဝေးဖြစ်၊မဖြစ် သေချာစေရန် လုပ်ကြံမှုကြီးတွင်ပါဝင်မည့် ခင်မောင်ရင်နှင့်ဘညွန့်တို့က လာရောက်စုံစမ်းခဲ့ကြသည်။ လုပ်ကြံမှုအောင်မြင်ခြင်းရှိ၊ မရှိသည်ကို စောင့်ကြည့်နေကြသည့် အင်္ဂလိပ်စစ်ဗိုလ်နှစ်ဦးလည်း အနီးအနားတွင် ရှိနေသည်ဟုလည်းဆိုသည်။

ထို့ကြောင့် ဇူလိုင် ၁၉ လုပ်ကြံမှုကြီးတွင် ဦးစောအပြင် ဗြိတိသျှ ကိုလိုနီအစိုးရ (သို့မဟုတ်)အစိုးရမဟုတ်သောလူပုဂ္ဂိုလ်အဖွဲ့စည်းတစ်ခုခု၊ မြန်မာနိုင်ငံရှိ ဦးစောနှင့်ပတ်သက်သောလူပုဂ္ဂိုလ် (သို့မဟုတ်) အဖွဲ့အစည်းများ ဥပမာ-ဘုရင်ခံဟောင်းဒေါ်မန်စမစ်တို့သည် စဉ်းစားစရာများဖြစ်သည်ဟု ယူဆကြသည်။ လက်နက်များမှာလည်း အင်္ဂလိပ်စစ်တပ်မှ ထုတ်ပေးလိုက်ခြင်းဖြစ်သည်။ ဗိုလ်ချုပ်အပြင် အခြားဝန်ကြီးများကိုပါ သတ်ခြင်းမှာ အင်္ဂလိန်မှလာသော ဗမာပညာတတ်ခေါင်းဆောင်တွေကိုပါသတ် (kill the Elites) ဟူ၍ပါသော ကြေးနန်းကြောင့်ဖြစ်သည်ဟုလည်း သိရသည်။

ဆရာ မြေနီသစ္စာ၏ ဆောင်းပါးတစ်ပုဒ်တွင် ဗိုလ်ချုပ်လုံခြုံရေးအတွက် ဗိုလ်ချုပ်နေဝင်းနှင့် ဦးကျော်ငြိမ်းတို့ထားပေးထားသော လက်ဖြောင့်သေနတ်သမားနှစ်ဦးမှာ ဇူလိုင် ၁၈ အထိရှိကြောင်း၊ ဇူလိုင် ၁၉ တွင်မှ ပျောက်သွားကြကြောင်း၊ နောင်ဖျာပုံဘက်တွင်အလံနီများ၏လုပ်ကြံခြင်းကို ခံရကြောင်း ဖော်ပြသည်။ ထိုကိစ္စနှင့်ပတ်သက်၍ ဗိုလ်ချုပ်အိမ်တွင် လုံခြုံရေးယူရသူ ဗိုလ်မှူးထွန်းရွှေက ဇူလိုင် ၁၉ တွင် အင်္ဂလန်တွင်ရောက်နေသော ဦးကျော်ငြိမ်း၏ ခြေရာလက်ရာဖြစ်နိုင်ကြောင်း ပြောပြန်သည်။ ဤသည်မှာ ခေါင်းဆောင်ကြီးများကို ဘယ်သူတွေသတ်သလဲဟူသည့် အပိုင်းဖြစ်သည်။ ခေါင်းဆောင်ကြီးများ ကံဆိုးခဲ့ကြသည်။ သို့သော် ထိုနေ့က ကံကောင်းသော ခေါင်းဆောင်ကြီးများ


ချင်းရေးရာဝန်ကြီး ဦးဝမ်ကိုဟော


ဆမားကြီး


သယ်ယူပို့ဆောင်ရေးဝန်ကြီး စောစံဖိုးသင်း


ဦးအောင်ဇံဝေ


ခေတ္တပြည်ထဲရေးဝန်ကြီး ပျော်ဘွယ်ဦးမြ


ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်း

ထိုအထဲတွင် ကချင်ခေါင်းဆောင်ဆမားကြီးလည်း အပါအဝင်ဖြစ်သည်။ ဆမားကြီးမှာ ခါတိုင်းအစည်းအဝေးများတွင် တောင်တန်းဒေသဆိုင်ရာ ဒုဝန်ကြီးအဖြစ် တက်ရောက်လေ့ရှိသည်။ ဇူလိုင် ၁၉ တွင် မြစ်ကြီးနားမှရောက်နေသော ဖဆပလခေါင်းဆောင်များနှင့် အနာဂတ်ကချင်ပြည်နယ်တွင် ကချင်၊ ရှမ်း၊ ဗမာလူမျိုးများ မည်သို့မည်ပုံ ပူးပေါင်းနေထိုင်သင့်သည် ဟူသော ကိစ္စကိုဆွေးနွေးနေသဖြင့် အစည်းအဝေးသို့နောက်ကျမှရောက်လာခဲ့သည်။ ထို့နေ့ လုပ်ကြံမှုကြီးတွင် ကွယ်လွန်ခဲ့သူများမှာ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ၊ ဦးရာဇာတ်၊ ဦးဘချို၊ဦးဘဝင်း၊မန်းဘခိုင်၊ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၊ ဦးအုန်းမောင်၊ ရဲဘော်ကိုထွေးတို့ ဖြစ်ကြသည်။

ထိုပုဂ္ဂိုလ်များထဲမှ ဒုတိယအတွင်းဝန်ဦးအုန်းမောင်မှာ ကံမကောင်းလွန်းလှဟု ဆိုရမည်ဖြစ်သည်။ ထိုနေ့တွင် ဦးအုန်းမောင်၏ အထက်လူကြီး သယ်ယူပို့ဆောင်ရေးဝန်ကြီး စောစံဖိုးသင်းမှာ ခရီးလွန်နေ၍ အစည်းအဝေးသို့မတက်နိုင်ပေ။ ထို့ကြောင့် ပထမအတွင်းဝန်ဦးစိုးတင့် အစည်းအဝေးသို့ တက်ရမည်ဖြစ်သည်။ သို့သော် ဒုတိယအတွင်းဝန် ဦးအုန်းမောင်က အစည်းအဝေးတွင် တင်ပြရမည့်စီမံကိန်းကို စိတ်ဝင်စားသည်ဟုဆိုကာ အစည်းအဝေးတက်ခဲ့ခြင်း ဖြစ်သည်။ အစည်းအဝေးကိုလည်း မနက် ၁၀ နာရီမှစတက်သည် မဟုတ်ဘဲ လုပ်ကြံသူများမဝင်လာမီ ၂ မိနစ်အလိုခန့်မှ အစည်းအဝေးခန်းအတွင်းသို့ဝင်လာပြီး လုပ်ကြံခံရမှုတွင် ပါဝင်သွားခဲ့ရခြင်းဖြစ်သည်။ နောက်ကံဆိုးသူတစ်ဦးမှာ ရဲဘော်ကိုထွေးဖြစ်သည်။ လုပ်ကြံသူများ ပြန်အထွက်တွင် ပစ်ခတ်ခံရ၍ ကွယ်လွန်ခဲ့ရခြင်းဖြစ်သည်။

ကံကောင်းသော ပုဂ္ဂိုလ်ကြီးများမှာ ထိုအစည်းအဝေးခန်းထဲတွင်ပင် ရှိနေကြသော ဦးအောင်ဇံဝေ၊ ဦးရွှေဘော်၊ ဦးဘဂျမ်း၊ ပျော်ဘွယ်ဦးမြတို့ဖြစ်သည်။ လုပ်ကြံသူများက ပစ်ခတ်လိုက်ချိန်တွင် ဦးဘဂျမ်းနှင့် ဦးအောင်ဇံဝေမှာ ကြမ်းပြင်ပေါ်သို့ မှောက်ချလိုက်သဖြင့် အသက်မသေခဲ့ခြင်းဖြစ်သည်။ ခေတ္တပြည်ထဲရေးဝန်ကြီး ပျော်ဘွယ်ဦးမြနှင့် အတွင်းဝန် ဦးရွှေဘော်တို့မှာလည်း အပြင်သို့ထွက်ပြေးနိုင်လိုက်သည်။ ဦးဝမ်ကိုဟောမှာ အစည်းအဝေးခန်းတွင်းသို့ဝင်ခါနီး ချင်းတောင်ပလက်ဝနှင့် နာဂတောင်တန်းမှ ကိုယ်စားလှယ်များ ရောက်ရောက်လာသဖြင့် ဗိုလ်ချုပ်ထံခွင့်ပန်ပြီး အခန်းပြင်ထွက်သဖြင့် အသက်ဘေးမှ လွတ်မြောက်ခဲ့ကြခြင်း ဖြစ်သည်။ ဗိုလ်သန်းဝင်းဆိုသူမှာလည်း လုပ်ကြံသူများနှင့် ပက်ပင်းတိုးသော်လည်း "ဟေ့ မဆိုင်သူမကပ်နဲ့ကွ"ဟုဆိုပြီးပစ်မသွားသဖြင့် အသက်မသေခဲ့ပေ။ မြန်မာ့အလင်းသတင်းထောက် ဦးသန်းညွှန့်မှာလည်း ရဲဘော်ကိုထွေးနှင့်အတူ ရှိနေသူဖြစ်သည်။ လုပ်ကြံသူများက ရဲဘော်ကိုထွေးကိုပစ်သော်လည်း ဦးသန်းညွှန့်ကို "ဟေ့လူ ခင်ဗျား သေချင်လို့လား"ဟုသာပြောပြီး ခေါင်းပေါ်ကျော်ပစ်လိုက်၍သာ အသက်မသေခဲ့ခြင်းဖြစ်သည်။

အစည်းအဝေးသို့ လာသော အိုင်စီအက်စ်ဦးချမ်းသာမှာလည်း တစ်မိနစ်ခန့်နောက်ကျ၍သာ ရဲဘော်မောင်ထွေးနှင့်အတူ အပစ်မခံခဲ့ရခြင်းဖြစ်သည်။ အစည်းအဝေးသို့တက်ရောက်ရမည့် ဦးကျော်ငြိမ်းမှာ အင်္ဂလန်သို့ရောက်နေခဲ့သည်။ စောစံဖိုးသင်းမှာ ဇရာဝတီတိုင်းမှ အချိန်မီပြန်မရောက်ခဲ့ပေ။ ဆမားကြီးမှာလည်း အစည်းအဝေးသို့နောက်ကျနေခဲ့သည်။ ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်းမှာ အင်္ဂလန်မှပြန်ရောက်သောအခါ "သူငယ်ချင်း ငါမရှိလို့ မင်းခံရတယ်ကွာ"ဟုဆိုကာ ငိုခဲ့သည်။ စောစံဖိုးသင်းမှာလည်း ရန်ကုန်သို့ရောက်သောအခါ ဗိုလ်ချုပ်တို့၏ သွေးကွက်များကိုကြည့်ကာ ချုံးပွဲချငိုခဲ့သည်။ ဆမားကြီးမှာလည်း ဖခင်ကွယ်လွန်စဉ်ကပင် မငိုခဲ့သော်လည်း ဗိုလ်ချုပ်တို့ ကျဆုံးသည့်အခါ ချုံးပွဲချ ငိုကြွေးခဲ့လေသည်။ အိုင်စီအက်စ် ဦးချမ်းသာမှာလည်း ပျော်ဘွယ်ဦးမြကိုတွေ့သည်နှင့် စိတ်မထိန်းနိုင်ဘဲ ငိုပွဲဆင်ခဲ့လေတော့သည်။ သို့သော်လည်း ထိုပုဂ္ဂိုလ်များသည် သေကံမရောက် သက်မပျောက် ကံကောင်းသူများဟုပင် ဆိုရမည်ဖြစ်ပေသည်။

**ရည်ညွှန်း - စာရေးသူ၏ ဇူလိုင် ၁၉ မှတ်စုများ**

# တုတ်ထိုး အိုးပေါက် ဂျာနယ် စကားဝိုင်း



**တုတ်ထိုး** - အောင်မယ်၊ အောင်မယ်၊ မျက်နှာက မှိုရတဲ့ မျက်နှာနဲ့။ တပြုံးပြုံးနဲ့။ ဘာတွေများ သဘောကျနေပါလိမ့်။

**အိုးပေါက်** - ဟဲဟဲဟဲ။ သင်ဇာဝင့်ကျော်အကြောင်း တွေးနေတာ။

**တုတ်ထိုး** - ဗျာ၊ ခင်ဗျားနော် လူကြီးလူကောင်းရုပ်နဲ့။

**အိုးပေါက်** - ဟေ့လူ။ ကျုပ်တွေးတာ အဝှာဗျ။ အဝှာမဟုတ်ဘူး။

**တုတ်ထိုး** - မရှင်းမရှင်းနဲ့။ ကဲ၊ လင်းစမ်းပါဦး။

**အိုးပေါက်** - ကမ္ဘာ့ဖလားဖိုင်နယ်ပွဲစဉ်မှာ ကျုပ်ကောင်းကောင်းကြီး မြတ်လိုက်တယ်။

**တုတ်ထိုး** - တယ်ဟုတ်ပါလား။ ခင်ဗျားက ပြင်သစ်နိုင်မယ်ဆိုတာသိလို့ အရဲစွန့်လိုက်တာလား။ ကြက်ကန်းဆန်အိုးတိုးသွားတာလား။

**အိုးပေါက်** - သင်ဇာဝင့်ကျော်ကြောင့်ဗျ။ သူလေးရဲ့ ဝတ်ပုံစားပုံ ပြုံးတုံးပြုံတဲပုံတွေကြည့်ပြီး အတိတ်ကောက်ပြီးပြင်သစ်ဘက်ကလောင်းလိုက်တာ။

**တုတ်ထိုး** - ဘယ်လိုများ အတိတ်ကောက်ပါလိမ့်။

**အိုးပေါက်** - ဟဲဟဲ။ သင်ဇာဝင့်ကျော်က စနေနံအဟောနဲ့ နိမိတ်ပြဟောသွားတာ။ နာမည်နှစ်လုံးပါတဲ့ အသင်းနိုင်မယ်။ အနည်းဆုံး နှစ်ဂိုးပြတ်မယ်တဲ့။ အဟဲ။ ပွဲပြီးတော့ ၄-၂ နဲ့ ပြီးသွားတယ်။ ဒါကြောင့် သင်ဇာလေးကို မွမွ။ ဟဲဟဲဟဲ။

**တုတ်ထိုး** - မှတ်တောင်ထားရဦးမယ်။ ဒါနဲ့ ပင်လုံညီလာခံကဘာထူးလဲ။

**အိုးပေါက်** - အပြုတ်တိုက်မယ်၊ အပြုတ်တိုက်မယ်ဆိုပြီးကာချုပ်ကြီးက ဆန်ပြုတ်တိုက်နေတာတော့ တွေ့တယ်ဗျ။

**တုတ်ထိုး** - စကားအကောင်းပြောနေရင်း ဖောက်လာပြန်ပြီ။ ဒီတစ်ခေါက် ပင်လုံညီလာခံအကြောင်းကတော့ ပြည်သူတွေ သိပ်ပြီးစိတ်မဝင်စားကြသလိုပဲ။ တကယ်ဆို ဒီကိစ္စဟာ အားလုံးစောင့်ကြည့်နေရမယ့် ကိစ္စ။

**အိုးပေါက်** - အခုတော့ လူတွေက ဘာတွေစိတ်ဝင်စားနေကြတာတုန်း။

**တုတ်ထိုး** - သူများတွေတော့ မသိဘူး။ ကျုပ်တော့ သီဟတင်စိုးကိစ္စနဲ့ သင်ဇာဝင့်ကျော်ကိစ္စနဲ့ပင်လုံညီလာခံဘက် သိပ်အာရုံမရောက်မိဘူး။ ဟဲဟဲဟဲ။

**အိုးပေါက်** - ကျုပ်ကြားတာတော့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) မှာ ပါဝင်လက်မှတ်ထိုးထားမှု မရှိသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ အမြန်ဆုံးပါဝင်လက်မှတ်ထိုးဖို့ တပ်မတော်က ထပ်ပြီး တိုက်တွန်းသဗျ။

**တုတ်ထိုး** - တိုက်တွန်းတာ ကောင်းပါတယ်။ ဟိုဘက် ဒီဘက် တွန်းတိုက်နေကြမှာပဲ မကောင်းတာ။

**အိုးပေါက်** - သမ္မတရုံးပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေးကတော့ပြောတယ်။ ပြည်ထောင်စုကနေ ခွဲထွက်ဖို့ မျှော်မှန်းချက်၊ ရည်မှန်းချက်ရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ဆွေးနွေးဖို့ အခက်အခဲရှိနေပြီး ခွဲထွက်ရေးလမ်းစဉ်ကို စွန့်လွှတ်မှသာ NCA လမ်းကြောင်းမှာပါဝင်ခွင့် ရှိမယ်တဲ့ဗျ။

**တုတ်ထိုး** - ရှေ့ဆက်ပြီး ဆွေးနွေးကြဖို့ လိုသေးတယ်။ စစ်ပွဲတွေ ဖြစ်နေတာထက်စာရင် ဆွေးနွေးအဖြေရှာကြတာ ကောင်းမွန်တဲ့ လက္ခဏာပါ။ အဲ့ဒီကနေတစ်ဆင့် ငြိမ်းချမ်းရေးအရွေ့တစ်ခု ရှိလာမှာပါပဲ။ တိုက်ရင်း ဆွေးနွေး၊ ဆွေးနွေးရင်း တိုက်နေကြဦးမယ်ဆိုရင် ငြိမ်းချမ်းရေးလမ်း မမြင်ဘူးဗျ။

**အိုးပေါက်** - ဒါနဲ့ အာဇာနည်နေ့တုန်းက ဘာတွေလုပ်ခဲ့သလဲ။

**တုတ်ထိုး** - အလေးပြုတယ်။ ဓာတ်ပုံရိုက်တယ်။ Facebook မှာ ဗိုလ်ချုပ်ကိုချစ်တဲ့အကြောင်း၊ အာဇာနည်တွေကို မြတ်နိုးတန်ဖိုးထားတဲ့ အကြောင်း Status တင်တယ်။ တချို့လူတွေဆို အာဇာနည်နေ့မတိုင်ခင်ကတည်းက အာဇာနည်နေ့အထိမ်းအမှတ်နဲ့ နှစ်လုံးထိတွေ မွေးပြီးထိုးကြတယ်။

**အိုးပေါက်** - ဟင်၊ ဘယ်ဂဏန်းကို ထိုးကြတာတုန်း။

**တုတ်ထိုး** - ကိုးတစ်၊ တစ်ကိုး။

**အိုးပေါက်** - မှတ်တောင်ထားရဦးမယ်။ ဗိုလ်ချုပ်သာရှိရင် ဒီပုံမျိုးနဲ့ ရှေ့ဆက်သွားရင် ဖာနိုင်ငံဖြစ်မှာလို့ မိန့်ခွန်းပြောမှာ ကြားယောင်မိတယ်။ နောက်တစ်ခါတောင် သေချင်စိတ်ပေါက်သွားဦးမယ်။

**တုတ်ထိုး** - ကျုပ်ကတော့ အမျှဝေတယ်။ အလေးပြုတယ်။ ပဲပြုတ်နဲ့နံပြားစားတယ်။ ဗိုလ်ချုပ်ကြေးရုပ်မှာ ဓာတ်ပုံရိုက်တယ်။

**အိုးပေါက်** - ဗိုလ်ချုပ်ကို ချစ်ကြတာ ဝမ်းသာစရာပါ။ ဒါပေမဲ့ ဗိုလ်ချုပ်လိုစိတ်မွေးကြဖို့ လက်ဆင့်ကမ်းဖို့လည်း လိုတယ်။ ဒါပေမဲ့ ဗိုလ်ချုပ်ဟာ ဗိုလ်ချုပ်တွေနဲ့ မတူပါဘူး။

**တုတ်ထိုး** - အလင်းပြတော်မူပါခင်ဗျာ။

**အိုးပေါက်** - ရှေးတုန်းက မင်းနှစ်မင်းစာဆို ပေါ်ပေါက်ခဲ့ဖူးတယ်။ နာမည်တူတော့ ဖိုးသူတော်ဦးမင်းနဲ့ လူဦးမင်းဆိုပြီး ခေါ်ကြတယ်။

**တုတ်ထိုး** - အဲ့ဒီတော့. . ။

**အိုးပေါက်** - အဲဒီတော့ ဗိုလ်ချုပ်တွေ ပေါ်နေတယ်။ ဒါကြောင့် ဗိုလ်ချုပ်တော့ ဗိုလ်ချုပ် ။ ဒါပေမဲ့ ဗိုလ်ချုပ်အောင်ဆန်းက လူဗိုလ်ချုပ်။

**တုတ်ထိုး** - ပြည်သူတွေဟာ ဗိုလ်မဖြစ်ချင်နေ ဗိုလ်စိတ်တော့ မွေးကြရမယ်။

**အိုးပေါက်** - ရှင်းစမ်းပါဦး။ ဘယ်လို ဗိုလ်စိတ်တုန်း။ လယ်သိမ်း၊ ယာသိမ်း။ ၂၀၀၈ ဖွဲ့စည်းပုံကို ခေါင်းပေါ်တင်ထားတဲ့ ဗိုလ်စိတ်မျိုးလား။

**တုတ်ထိုး** - ဟေ့လူ၊ ကျုပ်နိုင်ငံရေးမပြောဘူးနော်။ ကျုပ်ပြောတဲ့ ဗိုလ်ချုပ်စိတ်ဆိုတာ သတိဗိုလ်၊ သီလဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်၊ ဝီရိယဗိုလ်။ အဲဒီဗိုလ်စိတ်ကို မွေးခိုင်းတာဗျ။

**အိုးပေါက်** - မှတ်သားထိုက်ပါပေတယ်ဗျာ။ တပ်မတော်သားရော၊ ပြည်သူရော၊ လက်နက်ကိုင်အဖွဲ့အစည်းအားလုံး အဲ့ဒီဗိုလ်စိတ်မျိုးနဲ့ ရှင်သန်နေထိုင်ပြီး တိုင်းပြည်အတွက် ရှင်သန်ရုန်းကန်စေချင်ကြတယ်။ ငြိမ်းချမ်းရေးကိစ္စမှာလည်း အဲဒီဗိုလ်ငါးဗိုလ်နဲ့ ချီတက်ဆောင်ရွက်ကြဖို့ လိုပါတယ်ဗျ။

**တုတ်ထိုး** - ခင်ဗျားနဲ့ တစ်သက်လုံးစကားပြောလာတာဒီတစ်ခါပဲ လူစကားကြားရတာပဲ။

**အိုးပေါက်** - မှတ်တောင်ထားရဦးမယ်။

**တုတ်ထိုး** - ငြိမ်းချမ်းရေးကဝေး။ ပညာရေးက နှောင့်နှေး၊ တရားဥပဒေစိုးမိုးရေးက ချွတ်ခြုံကျ၊ အဂတိလိုက်စားမှုက ပိုနေမြဲ ကျားနေမြဲ ဖြစ်နေဦးမှာဆိုရင်တော့ ကျုပ်တို့နိုင်ငံဟာ ဆင်းရဲတွင်းကကို ထွက်နိုင်တော့မှာ မဟုတ်ဘူး။

**အိုးပေါက်** - ဆင်းရဲတွင်းတင်မကဘူး။ မိုင်းတွင်း၊ ဖုံးတွင်း၊ သဘာဝဘေးဒုက္ခတွင်းကလည်း ရှိသေးတယ်။

**တုတ်ထိုး** - အဲဒါကို မိုက်တွင်းနက်နေကြဦးမယ်ဆိုရင်တော့ သမိုင်းတရားခံတွေဟာ ကိုယ်တွေရဲ့အလှည့် ဖြစ်သွားနိုင်တယ်ဆိုတာ သတိပြုစေချင်ပါတယ်။ ဒါကြောင့် ဗိုလ်စိတ်မွေးကြပါခင်ဗျာ။

**အိုးပေါက်** - ဒါနဲ့ စင်္ကာပူ၊ ဘရူနိုင်း၊ ဂျာမနီ၊ ဆွစ်ဇာလန်၊ ဂျပန်၊ ဟောင်ကောင်တွေမှာ အကြွေးလုံးဝမရှိဘူးတဲ့ဗျ။ ငွေကြေးအဖောင်းပွဆုံးနိုင်ငံကတော့ ဇင်ဘာဘွေနိုင်ငံပဲ။ ကမ္ဘာ့အဂတိအလိုက်စားဆုံးနိုင်ငံက. . . ။

**တုတ်ထိုး** - မြန်မာနိုင်ငံလားဟင်။

**အိုးပေါက်** - မဟုတ်ဘူး။ အီရစ်ထရီးယားနိုင်ငံဟာ ကမ္ဘာ့အဂတိအလိုက်စားဆုံးနိုင်ငံပဲ။

**တုတ်ထိုး** - တော်ပါသေးရဲ့။ ဒီတစ်ခါတော့ မြန်မာက တော်ပါသေးတယ်။

**အိုးပေါက်** - သိပ်ပျော်မနေနဲ့။ ပြည်တွင်းစစ်အရှည်ကြာဆုံးနိုင်ငံဟာ မြန်မာနိုင်ငံပဲ။

**တုတ်ထိုး** - ဗျာ။

**အိုးပေါက်** - ပြီးတော့ လက်နက်ကိုင်အဖွဲ့အစည်းပေါင်း တစ်ရာကျော်ရှိတဲ့ နိုင်ငံဟာ ကျုပ်တို့နိုင်ငံပဲ။

**တုတ်ထိုး** - ဗျာ။

**အိုးပေါက်** - ဒီတော့ အစိုးရရော၊ လက်နက်ကိုင်အဖွဲ့အစည်း အသီးသီးရောကို စကားလက်ဆောင် ပါးချင်ပါတယ်။ မေတ္တာတရားနဲ့ ငြိမ်းချမ်းရေးကိစ္စကို ဆောင်ရွက်ကြပါ။ ခန္တီတရားနဲ့ ချီတက်ကြပါ။ နောင်သားစဉ်မြေးဆက်တွေအတွက် အရှည်ကြီးကိုစဉ်းစားကြပါလို့ ။ ဟစ်တလာလည်း မရှိတော့ပါဘူး။ ဂဒါဖီလည်း မရှိတော့ပါဘူး။ အလက်ဇန္ဒားလည်း မရှိတော့ဘူး။ မင်းဧကရာဇ်တွေလည်း မရှိတော့ပါဘူး။ သေရင်ကိုယ့်နောက် ဘာမှမပါလာပါဘူး။ ဒါကြောင့် ငြိမ်းချမ်းရေးပန်းလေးကို မသေခင် စိုက်ပျိုးခဲ့ကြပါလို့။

**တုတ်ထိုး** ။ ။ မြင်စေ ကြားစေ သိကြပါစေဗျာ။ ။

**အမည်ပြောင်းအသိပေးကြေညာခြင်း**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ရပ်ကွက်၊
အိမ်အမှတ်(၁၇၅)တွင် နေထိုင်ပြီး
အ.ထ.က(၃) ကျောင်းတွင် တက်ရောက်နေသော
မမျိုးသန္တာငြိမ်းနှင့် မခိုင်သန္တာငြိမ်း
တို့၏ မွေးမိခင်အမည်ရင်းမှန်မှာ
ဒေါ်လောမေ(ခ)ကျန်းရင်(၁/ဝမန(နိုင်)ဝ၅၁၈၃၄)
ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

# အာဇာနည်နေ့ကို အမြဲအမှတ်ရနေတဲ့အဖွား ဒေါ်မကောန်ခေါ်န်ရော် (Makawn Hkawn Raw)





“အာဇာနည်နေ့ရောက်လာတိုင်း အဘွားရဲ့စိတ်ထဲမှာ အရင်တုန်းကအားလုံး တောင်တန်း မြေပြန့်အားလုံးကိုမျှတစွာ လူတန်းစားမခွဲခြားဘဲနဲ့ လုပ်ဆောင်သွားမယ်ဆိုပြီးမှ လာရောက်ပြီးမှ ပြောသွားတဲ့ ဗိုလ်ချုပ်ကို သတိရမိတယ်။ နှမြောမိတယ်။ အမြဲတမ်းသူ့ကို သတိရပြီးမှ သူ့ရဲ့လုပ်ဆောင်ချက်ကို အကောင်အထည်မဖော် သွားနိုင်တဲ့အတွက် ဝမ်းနည်းပြီးမှ အမြဲခံစားနေရတယ်”ဟုအသက်၉၀ကျော်အဘွား ဒေါ်မကောန်ခေါ်န်ရော်က ပြောသည်။

အဘွားသည် ၁၉၄၆ ခုနှစ်အတွင်းက ဗိုလ်ချုပ်အောင်ဆန်း ကချင်ပြည်နယ်သို့လာရောက်စဉ် မန်စိန်ကျောင်းဝင်းထဲတွင် အမှတ်တရဓာတ်ပုံရိုက်ခဲ့သူ ခြောက်ဦးအနက်မှ တစ်ဦးဖြစ်သည်။

၎င်းတို့နှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ အမှတ်တရ ဓာတ်ပုံရိုက်ကူးစဉ်က မှတ်မှတ်ထင်ထင်ရှိနေသည့် အကြောင်းအရာတစ်ခုက အရယ်၊အပြုံးနည်းပါးသော ဗိုလ်ချုပ်အပြုံးကိုတွေ့လိုက်ရ၍ ဖြစ်သည်။

“အဖွားရဲ့ အမှတ်တရတစ်ခုပေါ့။ ဗိုလ်ချုပ်ကဘယ်တော့မှမရယ်ဘူးတဲ့၊အဲဒီဓါတ်ပုံရိုက်တဲ့အချိန်မှာ ဗိုလ်ချုပ်က ရယ်တယ်တဲ့ ဘာကြောင့်ရယ်လဲဆိုတော့ အဲဒီဓါတ်ပုံဆရာကစလိုက်တာတဲ့ ဗိုလ်ချုပ်ရေ အခု ကချင်အမျိုးသမီးတွေနဲ့ ဓါတ်ပုံရိုက်ရင် ဒေါ်ခင်ကြည် စိတ်ဆိုးမယ်နော်လို့ ပြောတဲ့အခါမှာ ဗိုလ်ချုပ်ကတစ်ခါတည်းကို ပြုံးဖြစ်သွားတာတဲ့ အဲဒါ သူ အမှတ်တရ သတိရတယ်လို့ပြောတာ”ဟု ပြောသည်။

၁၉၄၆ ခုနှစ် ဗိုလ်ချုပ်အောင်ဆန်း မြစ်ကြီးနားကိုရောက်ရှိချိန် ကချင်အမျိုးသမီးအဖွဲ့က ဗိုလ်ချုပ်ကို ထမင်းချက်ကျွေးခဲ့ပုံကို အသက် ၉၀ နှစ်ရှိပြီး အဖွားမကောန်ခေါ်န်ရော်က အခုလိုပြောပြသည်။

“ထမင်းချက်ဖို့ ခေါ်ထားတာ။ အဲဒီဓါတ်ပုံမှာပါတဲ့သူတွေက ဝန်ကြီးတွေနဲ့ အဲဒီအနားမှာ အစည်းအဝေး လုပ်ကြတယ်။ တချို့က မြန်မြန်နားမလည်တော့။ အဲချိန် ဆမားဒူဝါက “နင်တို့က ဒီလောက်တောင်မှထိုင်းသလား။ နင်တို့ဦးနှောက်က ဒီလောက်ပြောရင်လည်း နားမလည်ဘူး။ ဘယ်လိုနားတွေလဲ ဆမားဒူဝါကတော့အရင်တုန်းကတည်းက အဖိုးအဖွားခေတ်ကတည်းက နိုင်ငံရေးသမားကိုး နိုင်ငံရေးပဲသိတာ။ အခြားဘာမှမသိဘူး။ စာလည်းတစ်ပြားဖိုးမှမသိဘူး။ အဲလိုဓားလွယ်ထုတ်သလိုလုပ်ပြီးပြောနေတာ ကျွန်မတို့ ထမင်းချက်တဲ့နေရာကနေ အော်သံကြားလို့ ထွက်ကြည့်လိုက်တယ်။ ဘာတွေ ဆွေးနွေးကြတယ်ဆိုတာတော့ မကြားရဘူး”ဟု အဖွားမကောန်ခေါ်န်ရော်က မြစ်ကြီးနားသတင်းဂျာနယ်သို့ပြောသည်။

မြစ်ကြီးနားမြို့ကို ရောက်ရှိလာသည့် ဗိုလ်ချုပ်အောင်ဆန်းအကြောင်း၊ ပင်လုံစာချုပ်လက်မှတ်ရေးထိုးရာမှာ ပါသည့် ကချင်ခေါင်းဆောင် ဆမားဒူဝါဆင်ဝါးနော် အပါအဝင် ဝန်ကြီးများ အစည်းအဝေးလုပ်ခဲ့သည့်အကြောင်းကို အဖွား မကောင်ခေါ်န်ရော်က ပြောပြခြင်းဖြစ်သည်။

ဗိုလ်ချုပ်ရှိစဉ် တောင်တန်းမြေပြန့် တန်းတူညီမျှရေးအား ပေးခဲ့ပြီး တိုင်းရင်းသားပေါင်းစုံပါသည့် ပြည်ထောင်စုဖြစ်ပေါ်လာအောင် လုပ်သွားခဲ့မည်ဟု ကချင်တိုင်းရင်းသားများက ယူဆခဲ့ခြင်းဖြစ်သည်။

“မလုပ်မဖြစ်တော့ လုပ်မှာပဲထင်တယ်လေ. . ။ အဖွားက အရင်ကသူပြောတဲ့ သဘောထားတွေကလည်း အဲလိုပဲ နားလည်တာလေ ဗမာတစ်ကျပ်၊ ကချင်တစ်ကျပ်လို့ပြောတာလေအဲဒါမဖြစ်ခင်သွားပြီလေ” ကွယ်လွန်သွားပြီဖြစ်တဲ့ ဗိုလ်ချုပ်၏ဗမာတစ်ကျပ်ဆို၊ကချင်တစ်ကျပ်ဆိုတဲ့စကားကို အဖွား၏ ပြောဆိုခြင်းကို အခုလိုဆက်ပြောသည်။

“အာဇာနည်နေ့ရောက်လာတိုင်းအဖွားရဲ့စိတ်ထဲမှာအရင်တုန်းကအားလုံး တောင်တန်းမြေပြန့်အားလုံးကို မျှတစွာ လူတန်းစားမခွဲခြားပဲနှင့် လုပ်ဆောင်သွားမယ်ဆိုပြီး ပြောသွားတဲ့ ဗိုလ်ချုပ်ကို သတိရမိတယ် နှမြောမိတယ်။ သူ့ရဲ့ လုပ်ဆောင်ချက်ကို အကောင်အထည်မဖော်သွားနိုင်တဲ့ အတွက် အမြဲဝမ်းနည်းခံစားနေရတယ်။”

ဗိုလ်ချုပ်ကိုတွေ့မြင် သိကျွမ်းခဲ့ရပြီး အမှတ်တရရှိခဲ့သူတစ်ယောက်၏ရင်ထဲကစကားတွေဖြစ်ပါသည်။ သူတို့နှင့်တွေ့ဆုံပြီး မကြာခင် ဗိုလ်ချုပ်တို့အဖွဲ့တွေလုပ်ကြံသတ်ဖြတ်ခံခဲ့ရတာနဲ့ပတ်သက်ပြီး ၁၉၄၇ ခုနှစ်က အခြေအနေတွေကို ပြောပြတာဖြစ်ပါသည်။

‘အဲဒီအချိန်တုန်းကဆိုလို့ရှိရင် ဗိုလ်ချုပ်ကို ချစ်ခင်တဲ့စိတ်ဓါတ်အားလုံးမှာ ရှိနေတဲ့အတွက် တစ်ခါတည်း တုန်လှုပ်ခြောက်ခြားပြီး မကောင်းဆိုးဝါးသတင်းတစ်ခု ကြားလိုက်ရသလိုပဲ စိတ်ထဲမှာ အင်မတန်မှဝမ်းနည်းကြေကွဲ ခံစားရပြီးမှ မျက်ရည်ကျခဲ့တယ်။ အဖွားလည်းငိုခဲ့တယ်။ မျက်ရည်လည်ကျခဲ့တယ်။ နှမြောတဲ့စိတ်နဲ့လည်း အမြဲတမ်းအကောင်အထည်မဖော်နိုင်တော့ဘူးဆိုတာကိုလည်း သတိရလို့ဝမ်းနည်းကြေကွဲတယ်။ လာရောက်တုန်းကလည်း အင်မတန်မှ ပျော်ရွှင်ပြီး အင်မတန်မှတိုင်းပြည်ကိုချစ်တဲ့ စိတ်ရှိတဲ့ဗိုလ်ချုပ်ကို အရမ်းနှမြောတယ်။ အနီးအနားမှာရှိတဲ့ ကချင်တိုင်းရင်းသားတွေ တချို့တွေလည်း အားလုံးဝမ်းနည်းကြေကွဲပြီး ဝမ်းနည်းကြေကွဲခဲ့ရပါတယ်။

ဗိုလ်ချုပ်ကျဆုံးပြီးသည့်နောက် အဖွားမကောင်းခေါ်န်ရော်သည် ဗိုလ်ချုပ်တို့လုပ်ကြံခံရသည့် အတွင်းဝန်ရုံးနေရာကို သွားရောက်ကြည့်ခဲ့ကြောင်းကိုလည်း ပြောပြသည်။

“အဲဒီရုံးကြီးရဲ့အတက်ကသူတို့တိုင်ပင်တဲ့အခန်း ထင်တယ်။ အရှည်ကြီးပဲ အဲဒီမှာဗိုလ်ချုပ်အောင်ဆန်းနဲ့ ကချင်တွေဒီမှာလာတွေ့တုန်းကပေးလိုက်တဲ့ ဓားလွယ်တွေ လွယ်အိတ်တွေ ခေါင်းပေါင်းနဲ့ ဒီမှာပေါင်းပေးလိုက်တဲ့ ခေါင်းပေါင်းဓါတ်ပုံတွေနဲ့ ဆွဲထားတဲ့ အဲဒါကိုသွားတွေ့တယ်။ လွမ်းလည်းလွမ်းတာပေါ့ ဗိုလ်ချုပ်ကို။ ဆမားဒူဝါနဲ့ စကားပြောတဲ့ဟာတွေ အဲဒီတုန်းက ဓါတ်ပုံကို မြင်လိုက်တော့ သိပ်လွမ်းတယ် သိပ်သတိရတယ်။ အဲဒီတုန်းက သူပြောတဲ့စကားတွေ သူ့အပေါင်းအသင်းတွေနဲ့ သူ့အကျင့်တွေကိုလွမ်းတာပေါ့”

ဗိုလ်ချုပ်နှင့် အမှတ်တရများရှိခဲ့ အဖွား မကောန်ခေါ်န်ရော်သည် ဗိုလ်ချုပ်၏ သမီးဖြစ်သူနှင့်လည်း ၂ ကြိမ်တွေ့ခွင့်ရခဲ့ပြီး ငြိမ်းချမ်းရေးကိစ္စတွေ ပြောချင်ခဲ့ပေမယ့် ပြောခွင့်မရခဲ့လို့လို့ ပြောပါတယ်။

“အဲဒီအချိန် အောင်ဆန်းကော့ (ကချင်တိုင်းရင်းသားများက အောင်ဆန်းသမီးကြီးလို့ ခေါ်တယ်)နဲ့လည်း အဲဒီခဏပဲတွေ့ရတယ်။ သိပ်လည်းနားမလည်တော့ တစ်ခြားရှည်ရှည်ဝေးဝေး စကားမပြောဖြစ်ဘူးလေ။ အကုန်လုံးပြန်တဲ့အခါ နှုတ်ဆက်တဲ့အခါမှာ ဗိုလ်ချုပ်အုဘတူးနေအိမ်မှာ ဓါတ်ပုံရိုက်တာ သတိရလားလို့ပဲ ကျွန်မမေးတာ သူကလည်း သတိရတယ်လို့ပဲ ပြောနိုင်တာ အဲလိုပဲနှုတ်ဆက်တာ တခြားဘာမှ မပြောခိုင်းဘူး။ မေးလည်းမမေးဘူး။ သူကလည်း ဘာမှမပြောဘူး။ မေးမဲ့အချိန်လည်းမရှိဘူးလေ. . . လမ်းသွားရင်း နှုတ်ဆက်တာကြီး။ နှစ်ယောက်လုံးကတူတူပဲလေ။ စုကြည်လည်း အခုထိအကောင်အထည် မဖော်နိုင်ခဲ့ဘူး။ ပြောရင်လည်းသိပ်ခက်တာပဲ . . အဲဒီအပိုင်းတော့” ဟု အဖွားကဆက်ပြောသည်။

အဖွား မကောင်းခေါ်န်ရော်သည် စစ်မှုထမ်းဆရာမတစ်ယောက်ဖြစ်ပြီး စစ်ပြီးခေတ်တွင် နမ့်ခမ်းတွင် သူနာပြုသင်တန်းဆည်းပူးခဲ့ပြီး မဟာမိတ် ၁၀၁ တပ်ဖွဲ့က အမှုထမ်းအရာရှိတစ်ဦးဖြစ်သူ အင်ခွမ်ဂမ်နှင့် လက်ထပ်ကာ သား ၅ယောက်နှင့် သမီး ၂ယောက် ထွန်းကားခဲ့သည်။ ယခုလက်ရှိ မန်စိန်ရပ်ကွက်တွင် နေထိုင်လျက် ရှိသည်။

လဖိုင်လု၊ ခေါင်နုတ်

# မြောက်ပိုင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များက NCA လက်မှတ်ထိုးရေး၊ မထိုးရေး ပြန်လည်ဆွေးနွေးမည်



နေပြည်တော်၊ ဇူလိုင် ၁၉

KIO/KIA ပါဝင်သည့် မြောက်ပိုင်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးလာနိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးမှုများ ထပ်မံပြုလုပ်သွားမည်ဟု နိုင်ငံတော်သမ္မတရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြောသည်။

ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံ တတိယအကြိမ်အစည်းအဝေး ဒုတိယနေ့ ညနေပိုင်းတွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် မြောက်ပိုင်းအဖွဲ့နှင့်ပတ်သက်၍ သတင်းသမားများ၏ မေးမြန်းမှုတွင် ဦးဇော်ဌေးက ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့ ဒီညီလာခံပြီးရင် ဒီအဖွဲ့တွေနဲ့ ဆက်ပြီးတော့ ဆွေးနွေးမယ်၊ ဆွေးနွေးမယ့် အစီအစဉ်တွေလည်း ကျွန်တော်တို့မှာ ရှိတယ်။ အခုအချိန်မှာ အသေးစိတ်တော့ ပြောလို့မရသေးဘူး။ ဆွေးနွေးတာကတော့ ဆက်ပြီးဆွေးနွေးမယ်။ တစ်ဘက်နဲ့တစ်ဘက် အကျေအလည် နားလည်အောင် အလွတ်သဘောတွေ့ဆုံမှုတွေကတော့ ဆက်တိုက်လုပ်သွားမှာဖြစ်ပါတယ်"ဟု ဦးဇော်ဌေးကပြောကြားခဲ့သည်။

မြောက်ပိုင်းတိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များသည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံ တတိယအကြိမ်အစည်းအဝေးသို့ အစိုးရ၏ ဖိတ်ကြားမှုဖြင့် တက်ရောက်ခဲ့ပြီး နိုင်ငံတော်၏အကြီးအကဲခေါင်းဆောင်ပိုင်းများနှင့် တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်ခဲ့သည်။

မြောက်ပိုင်းအဖွဲ့အနေဖြင့် လက်ရှိအနေအထားတွင် တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ရေးထိုးရန် စောသေးကြောင်းနှင့် ထပ်မံဆွေးနွေးမှုများ ပြုလုပ်ပြီးမှသာ ဆုံးဖြတ်သွားမည်ဟုလည်း KIO/KIA အဖွဲ့မှ ဗိုလ်ချုပ်ဂွန်မော်က ပြောသည်။

"ခုချိန်မှာတော့ NCA လက်မှတ်ကိုထိုးဖို့မထိုးဖို့က စောပါသေးတယ်။ ဘာပဲဖြစ်ဖြစ် ပြန်ဆွေးနွေးပြီးတဲ့ နောက်ပိုင်းမှာ ဆုံးဖြတ်ကြမှာဖြစ်ပါတယ်။ ဒါပေမယ့် နောက်ပိုင်းမှာဆွေးနွေးပွဲတွေကတော့ သူ့အစီအစဉ်နဲ့သူ စနစ်တကျသွားနေတဲ့ ပင်လုံအစည်းအဝေးလို မဟုတ်ဘဲနဲ့ တခြားအချိန်တစ်ခုမှာ ဆွေးနွေးသင့်တယ်လို့ အပြန်အလှန်ဒီလိုပဲ မှတ်ချက်ပြုခဲ့တာဖြစ်ပါတယ်။ ဘယ်လိုလုပ်မလဲဆိုတဲ့အပိုင်းကတော့ သီးသန့်ဆွေးနွေးဖို့ ဖြစ်ပါတယ်"ဟု ဗိုလ်ချုပ်ဂွန်မော်က ပြောသည်။

ဗိုလ်ချုပ်ဂွန်မော် ဦးဆောင်၍လာသည့် KIO/KIA အဖွဲ့သည် UWSA 'ဝ' အဖွဲ့၊ ရှမ်းပြည်တိုးတက်ရေးပါတီ SSPP၊ MNDAA မိုင်းလားအဖွဲ့တို့နှင့်အတူ ဇူလိုင် ၁၂ ရက်နေ့က နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံခဲ့ပြီး ဇူလိုင် ၁၁ ရက်နေ့က တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တွေ့ဆုံခဲ့ကြသည်။

UWSA၊ KIA၊ NDAA၊ SSPP/SSAတို့လေးဖွဲ့သည်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်တွေ့ဆုံပြီး AA၊ TNLA၊ MNDA စသည့်သုံးဖွဲ့က ဒုကာကွယ်ရေးဦးစီးချုပ် စိုးဝင်းနှင့် တွေ့ဆုံခဲ့ကြသည်။

၎င်းတို့မြောက်ပိုင်းအဖွဲ့အနေဖြင့်လည်း မကြာမီအချိန်တွင် အစိုးရအဖွဲ့နှင့် ငြိမ်းချမ်းရေးလမ်းစဉ်အတွက် ပြန်လည်တွေ့ဆုံမှုများ ပြုလုပ်သွားမည်ဟု ဗိုလ်ချုပ်ဂွန်မော်ကသတင်းမီဒီယာများနဲ့ တွေ့ဆုံစဉ်က ပြောကြားထားသည်။

"သူတို့ သုံးဖွဲ့ကတော့ နှစ်ယောက်စီ ကျွန်တော်တို့ KIO ကတော့ ကျွန်တော်တစ်ယောက်ပဲ အလွတ်သဘောတွေ့ဆုံတဲ့သဘောမျိုးနဲ့ သွားတွေ့တာဖြစ်ပါတယ် အဓိကတော့ FPNCCကနေ အရင်တင်ထားတဲ့ စာတမ်းအပေါ်မှာ ဆက်ပြီး ဆွေးနွေးချင်တဲ့အကြောင်းကို ကျွန်တော်တို့ ပြောပါတယ် အဖွဲ့ခေါင်းဆောင် ဦးကျောက်ကော်အန်းက NCA အပေါ်မှာ ထားရှိတဲ့အချို့သဘောထားတွေကို တင်ပြတာဖြစ်ပါတယ် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း သူတို့ဘက်ကသဘောထား တချို့ကို ပြန်ရှင်းပြပါတယ်။ အဲ့ဒီလောက်ပါပဲ တခြားထွေထွေထူးထူးဆွေးနွေးတာမရှိပါဘူး" ဟု ဗိုလ်ချုပ်ဂွန်မော်က ပြောသည်။

> ခုချိန်မှာတော့ NCA လက်မှတ်ကို
> ထိုးဖို့မထိုးဖို့ကစောပါသေးတယ်။
> ဘာပဲဖြစ်ဖြစ် ပြန်ဆွေးနွေးပြီးတဲ့
> နောက်ပိုင်းမှာ ဆုံးဖြတ်ကြမှာဖြစ်ပါတယ်။
> ဒါပေမယ့် နောက်ပိုင်းမှာ ဆွေးနွေးပွဲတွေ
> ကတော့ သူ့အစီအစဉ်နဲ့သူ စနစ်တကျ
> သွားနေတဲ့ ပင်လုံအစည်းအဝေးလို
> မဟုတ်ဘဲနဲ့ တခြားအချိန်တစ်ခုမှာ
> ဆွေးနွေးသင့်တယ်လို့ အပြန်အလှန်
> ဒီလိုပဲ မှတ်ချက်ပြုခဲ့တာဖြစ်ပါတယ်။
> ဘယ်လိုလုပ်မလဲဆိုတဲ့အပိုင်း
> ကတော့ သီးသန့်ဆွေးနွေးဖို့ ဖြစ်ပါတယ်"

အဖွဲ့ခေါင်းဆောင် ဦးကျောက်ကော်အန်း၏ NCA အပေါ် တင်ပြချက်တွင် ပြည်ထောင်စုအစိုးရနှင့် တပ်မတော်က NCA ကိုပြင်ဆင်ခွင့်နှင့် NCA မှ နုတ်ထွက်ခွင့်ကို စာအားဖြင့် ကတိခံပါက ဝ အဖွဲ့ UWSA အနေဖြင့်လက်မှတ်ရေးထိုးရေးတွင် တက်ကြွစွာ စဉ်းစားမည်ဟု တင်ပြဆွေးနွေးခဲ့သည်။

*''ပြည်ထောင်စုအစိုးရနဲ့ တပ်မတော်တို့ရဲ့ NCA သည် ပြင်လို့ရပါတယ်။ သဘောမကျရင် နုတ်ထွက်လို့ရပါတယ်။ ကမ္ဘာပေါ်မှာ ပြင်လို့မရတဲ့ စာချုပ်ဆိုတာ မရှိဘူး၊ သို့သော် NCA ကို လက်မှတ်အရင်ထိုးပြီးမှ ပြင်ဆင်ခွင့်နှင့် နုတ်ထွက်ပိုင်ခွင့်ရှိမယ်"* ဆိုတဲ့ နောက်ဆုံးသဘောထားအရ ပြည်ထောင်စုအစိုးရနှင့် တပ်မတော်ဘက်မှ ဒီသဘောထားကို စာအားဖြင့် ဂတိခံခဲ့ရင် ဝပြည်အနေဖြင့် လက်မှတ်ရေးထိုးဖို့ တက်ကြွစွာ စဉ်းစားပေးနိုင်မည်"ဟု ဝ ပြည်နယ် ပြည်သူ့အစိုးရ ဒုတိယဥက္ကဋ္ဌ၊ ဝ ပြည်နယ် ပြင်ပဆက်ဆံရေးဌာနမှူး ဦးကျောက်ကော်အန်း၏ ၂၁ ရာစု ပင်လုံညီလာခံသို့ ဆွေးနွေးတင်ပြချက်ပါရှိသည့် စာတမ်းကို ဇူလိုင် ၁၃ ရက်နေ့က မီဒီယာများသို့ ပေးဝေခဲ့သည်။

မြောက်ပိုင်းလက်နက်ကိုင်အဖွဲ့များအနေဖြင့် NCA အား ပြုပြင်မှသာလျှင် လက်မှတ်ရေးထိုးနိုင်မည်ဟု ပြောဆိုထားသော်လည်း မြောက်ပိုင်းအဖွဲ့အား NCA စာချုပ်ကို နားလည်သဘောပေါက်လာရေးအတွက် ဆွေးနွေးသွားမည်ဟုလည်း UPDJC အတွင်းရေးမှူးအဖွဲ့ဝင် ဦးဇော်ဌေးကပြောသည်။

*"NCA မှာကလက်မှတ်ရေးထိုးထားတဲ့အဖွဲ့တွေ အနေနဲ့ ထွက်လို့ရတယ်ဆိုတာမပါဘူး၊ ထွက်လို့မရဘူးဆိုတာလည်း မပါဘူး ပုဒ်မ ၂၇ အရသဘောတူညီချက်တွင် ဖြစ်လာရင် လက်မှတ်မထိုးရသေးတဲ့အဖွဲ့နဲ့ အစိုးရညှိနှိုင်းပြီးတော့လုပ်ရမယ်၊ အဲဒါကိုတော့ ကျေကျေလည်လည်ဖြစ်အောင်သူတို့ကို ပြောပြမယ် ရှင်းပြမယ်။ ပုဒ်မ ၂၇ က NCA မှာလိုအပ်တဲ့အကြောင်းအရာပါရင် ပြင်ဆင်ဖို့ခြွင်းချက်ထားတဲ့ပုဒ်မ"* ဟု သတင်းစာရှင်းလင်းပွဲတွင် ၎င်းက ရှင်းပြပြောဆိုခဲ့သည်။

ယခုကဲ့သို့ အစိုးရအဖွဲ့နှင့် တွေ့ဆုံခွင့် ရရှိသည့်အတွက် ကျေနပ်မှုရှိခဲ့ကြောင်း၊ ငြိမ်းချမ်းရေးလမ်းစဉ်အတွက် ပထမခြေလှမ်းဖြစ်ခဲ့သည်ဟုလည်း 'ဝ'ပြည်သွေးစည်းညီညွတ်ရေးတပ်မတော်(UWSA)မှ ဒုတိယဗိုလ်မှူးကြီးအန်းမေက ပြောသည်။

"ကျွန်တော်တို့ ကျေနပ်မှုတစ်ခုရှိတာတော့ငြိမ်းချမ်းရေးကော်မရှင်က ကျွန်တော်တို့ FPNCC အဖွဲ့အားလုံးကို တရားဝင်တွေ့ဆုံတယ် ဆိုတော့ ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးလမ်းစဉ် ပထမခြေလှမ်းကို ယူလိုက်တယ်လို့ မြင်ပါတယ်။ ပြန်လည် တွေ့ဆုံဖို့ကတော့ နောက်မှ အချိတ်အဆက်လုပ်ပြီးတွေ့ပါ့မယ်"ဟု UWSA မှ ဒုတိယဗိုလ်မှူးကြီး အန်းမေက နေပြည်တော်မှပြန်လည်ထွက်ခွာမည့် အချိန် ဇူလိုင် ၁၄ ရက်နေ့တွင် ပြောဆိုခဲ့သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တပ်မတော်တို့တွေ့ဆုံဆွေးနွေးခဲ့မှုများအပေါ်နှင့် မြောက်ပိုင်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တို့၏ ရှေ့ဆက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား သတင်းမီဒီယာများနှင့် သတင်းစာရှင်းလင်းပွဲပြုလုပ်မည်ဟု ဗိုလ်ချုပ်ဂွန်မော်ကပြောဆိုထားခဲ့သော်လည်း ပြုလုပ်နိုင်ခဲ့ခြင်းမရှိခဲ့ပေ။

ယင်းအပေါ် ဗိုလ်ချုပ်ဂွန်မော်က "ကျွန်တော်တို့က အဖွဲ့ခေါင်းဆောင်တွေ ကျန်းမာရေးမကောင်းလို့ သတင်းစာရှင်းလင်းပွဲလုပ်ဖို့ အဆင်မပြေဘူး အခုက ၇ ဖွဲ့စလုံးပြန်ပါပြီ။ နောက်ပြန်လာနိုင်ဖို့ ကြိုးစားပါ့မယ်နော် Process က ဆက်ပြီးရှိမှာပါဟု နေပြည်တော်မှ ပြန်လည်ထွက်ခွာမည့် နေ့တွင် ပြောဆိုခဲ့သည်။

မြန်မာနိုင်ငံမြောက်ပိုင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၇ဖွဲ့တွင် ကချင်လွတ်လပ်ရေးအဖွဲ့(KIO)၊ ရက္ခိုင့်အမျိုးသားအဖွဲ့ချုပ်(ULA)၊ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး(PSLF)၊ မြန်မာနိုင်ငံအမှန်တရားနှင့် တရားမျှတသောအမျိုးသားပါတီ (MNTJP)၊ ရှမ်းပြည် တိုးတက်ရေးပါတီ (SSPP)၊ ရှမ်းပြည်နယ် အရှေ့ပိုင်းငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီ(PSC)၊ ဝ ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)တို့ဖြင့် ဖွဲ့စည်းထားသည်။

ပြည်ထောင်စု နိုင်ငံရေးဆွေးနွေးညှိနှိုင်းရေးကော်မတီ (FPNCC)သည် မြန်မာနိုင်ငံမြောက်ပိုင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၇ဖွဲ့ ဖြင့် ဖွဲ့စည်းထားပြီ ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ ထာဝရငြိမ်းချမ်းရေးအတွက်သာဖြစ်ပြီး နိုင်ငံရေးဆွေးနွေးမှုအပိုင်းတွင် မြန်မာနိုင်ငံမြောက်ပိုင်း၏ ပကတိအခြေအနေနှင့် ပိုမိုကိုက်ညီသည့် လမ်းကြောင်းတစ်ခုကို ရှာတွေ့နိုင်ရန်အတွက် ဖွဲ့စည်းရခြင်းဖြစ်ကြောင်းလည်း FPNCC က ဆွေးနွေးတင်ပြထားသည်။

ထို့အပြင် FPNCC သည် စစ်ရေးမဟာမိတ်အဖွဲ့ မဟုတ်ကြောင်း၊ ပြည်ထောင်စုအစိုးရ၊ စစ်ဖက်တို့နှင့် ခုခံတိုက်ခိုက်ရန်မဟုတ်ဘဲ နှစ်ဖက်၏တွေ့ဆုံဆွေးနွေးမှု၊ ယုံကြည်မှုတိုးမြင့်ရန်အတွက်သာ ဖြစ်သည်ဟု ၂၁ ရာစု ပင်လုံညီလာခံ တတိယ အစည်းအဝေး၌ ရက္ခိုင့်တပ်မတော်(AA)မှ ဒုတိယစစ်ဦးစီးချုပ် ဒေါက်တာညို ထွန်းအောင်က ဆွေးနွေးတင်ပြခဲ့သည်။

**Salai**

မြစ်ကြီးနားသတင်းဂျာနယ်
( ဇူလိုင် ၂၃ ၊ ၂၀၁၈ )

# စာအုပ်စင်ကဏ္ဍ

**ညီထွန်းလင်း**




| လူငယ့်ကြေးမုံ |
| --- |
| စာရေးသူ = တင်မိုး |
| စာအုပ်တိုက် = မိုးသောက်ကြယ် |
| တန်ဖိုး = ၂၀၀၀ ကျပ် |

ဂျပန်နိုင်ငံတိုကျိုမြို့ရှိ မိုးသောက်ကြယ် စာကြည့်တိုက်မှ ထုတ်ဝေသော ဂျာနယ်တွင် နာယကအဖြစ် လမ်းညွှန်အကြံပေးခဲ့ပြီး အယ်ဒီတာ့အာဘော်နှင့် လူငယ့်ကြေးမုံကဏ္ဍအတွက် ဆရာတင်မိုးရေးသားခဲ့သောစာစုများကို စုစည်းပြီး ထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။ ၂၀၀၄ ခုနှစ် နိုဝင်ဘာမှ စတင်ပြီး ဆရာကွယ်လွန်သည့် ၂၀၀၇ ခုနှစ်အထိရေးသားခဲ့သော စာစုများဖြစ်သည်။ ဆရာကွယ်လွန်ခြင်း ၈ နှစ်ပြည့်နှင့် မိုးသောက်ကြယ် စာကြည့်တိုက် ၁၀ နှစ်ပြည့် အထိမ်းအမှတ်ထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။


"သတိသည်ဆား၊ ကဗျာသည်ပျား"တဲ့။ သတိဆိုတာ လိုသလောက် ခပ်ရမတဲ့။ မပါလည်းမဖြစ်။ ပါလွန်းပြန်တော့လည်း အလုပ်မဖြစ်။ အရာရာရဲရင့်မှုတွေပျောက်၊ ကြောက်စိတ်တွေဝင်၊ အပြစ်တွေချည်းမြင် နေမှဖြင့် မလုပ်ရဲ၊ မကိုင်ရဲ၊ လမ်းမလျှောက်ရဲ ဖြစ်တတ်တယ်။

သတိမပါတော့လည်း အရာရာမှာ အထိန်းမဲ့တဲ့ ချည်ခင်လိုပရမ်းပတာဖြစ်တတ်တယ်။ ဟင်းလျာမှာ ဆားကို သင့်ရုံခပ်ရသလို သတိကိုလည်း သင့်ရုံခပ်။ သတ္တိလည်း မပျောက်စေနဲ့။ အိုးနင်းခွက်နင်း နင်းကျိုးနင်းကျဲ လူလွန်မသား လူရမ်းကားလည်း မဖြစ်စေနဲ့။ တော်ရုံခပ်တဲ့ဆား ဟင်းလျာရဲ့ အရသာက အမြိန်သား။

ကဗျာကတော့ ပျားပါပဲ။ ဖတ်လိုက်တိုင်းချို၊ မျိုလိုက်တိုင်းဆိမ့်တဲ့ အရသာမဟုတ်လား။ "မျက်မြင်မှာ ဉာဏ်တွဲလို့၊ အနည်းနည်းရှုပါ . . တဲ့။ လယ်တီဆရာတော်ကဖွဲ့တယ်။ တန်ဖိုးရှိလှတဲ့ကဗျာ အဆိုအမိန့်ပါကလား။ ဒီဠမျက်မြင်မှာ ဉာဏ်နဲ့ယှဉ်ရမတဲ့။ အမြင်မှန်ရအောင် အနည်းနည်းရှုရ၊ သုံးသပ်ရမတဲ့။

ကဗျာကတိုပေမဲ့ အရသာက အချိုသား။တွေးလိုက်တိုင်း ဉာဏ်ကျယ်၊ အမှန်တကယ်ကို မြင်စေနိုင်တဲ့ စကားပါလား။ 'တို့ဗမာ၊တချို့ဝါစာကမာ. .'။ ဆရာကြီးမှိုင်းက ကဗျာသံနဲ့ဆုံးမတယ်။ ဟုတ်ပါပေ့။ငါတို့တစ်မျိုး သားလုံးကိုဆုံးမတာ။ ဘာကမှ မလေးနက်ပေါ့ပျက်ပျက်လုပ်တတ်တဲ့ ငါတို့ရဲ့အကျင့်စရိုက်ကို ဖွင့်ပြတာ။ တို့ကလည်းတို့ပဲ မဟုတ်လား။ အပြောကတော့ လေလုံးမိုးလုံး မိုးတောင်ကချွန်း၊ လက်တွေ့ကျတော့ မရေမရာဝါစာကမာ။ ဖြစ်ကတတ်ဆန်း ရောက်ရာကျဘမ်း။ (စာ - ၂၄ မှ)




| နှစ်နှစ်ကာကာ ၁၅၀ ကဗျာ |
| --- |
| စာရေးသူ = တင်မိုး |
| စာအုပ်တိုက် = မိုးနဲ့စမ်း |
| တန်ဖိုး = ၃၅၀၀ ကျပ် |

၂၀၀၇ခုနှစ်ကွယ်လွန်ခဲ့သော ကဗျာဆရာကြီး တင်မိုး၏ ဆယ်နှစ်ပြည့် အထိမ်းအမှတ် အဖြစ် မိသားစုမှထုတ်ဝေသော ကဗျာစုစည်းမှုစာအုပ်ဖြစ်သည်။ ကဗျာရေးသက် နှစ်ခြောက်ဆယ်ကျော်အတွင်း ရေးသားခဲ့သော ကဗျာပုဒ်ရေ ၂၀၀၀ ခန့်မှ မိသားစုက ၁၅၀ ပုဒ်ရွေးချယ်ပြီး အမှတ်တရ ထုတ်ဝေ လိုက်ခြင်းဖြစ်ပါသည်။ နိုင်ငံရေး၊ လူမှုရေး၊ အချစ်ရေး၊ ပညာရေး၊ အတွေးအမြင်၊ ဘဝဒဿန စသည့် ကဏ္ဍပေါင်းစုံမှ အကြောင်းအရာပေါင်းစုံကို ရှုထောင့်ပေါင်းစုံမှ လှပသော ကဗျာခံစားမှု၊ ထက်မြက်သော ကဗျာအတွေးများကို လှပစွာသီကုံး ရေးစပ်ထားသော ဆရာတင်မိုးကဗျာအပုဒ် ၁၅၀ ဖြစ်ပါသည်။

"မင်းကဘယ်သူလဲ၊ ကဗျာဆရာပါ။ အေး. . . ကဗျာဆရာဆိုရင် ငါက အလိုလိုကြည်ညိုပြီးသားပါ လောကရဲ့လျှို့ဝှက်ချက်အလှကို ဩဇာဂုဏ်မြောက်မြောက်နဲ့ အံ့လောက်ဖွယ် ဖွဲ့တတ်သူမို့ ငါကြည်ဖြူပါတယ်။

အမှန်တရားကို ချေမှုန်းစုံလုံးကန်းအောင် အလုပ်ခံရတဲ့အခါ မင်းရဲ့ကာရံတွေက ဒို့ရင်ထဲက အသံတွေ ဖြစ်လာတယ်။

နှလုံးသားရဲ့ အရိုးသား အဖြူစင်ဆုံး ဘာသာစကားမို့ လှည့်ဖျားမှုကင်း စဉ်းလဲမှုမပါ မာယာထောင်ချောက် မဟုတ် အပုတ်အသိုးနံ့မရှိ ပက်ကျိုလို ကျောရိုးမဲ့ တကယ့်ကွန့်မြူးချက်အစစ် ဖြစ်ပါတယ်။

"ဘာသာစကားရဲ့ကြွေ အသရေထွန်းတောက်စေတဲ့ ဂုဏ်မြောက်တဲ့ ကဗျာ ငါသိပါတယ်။ ဘာသာစကား မီးကျိုးမောင်းပျက် ပဥ္စလက်မှော် တန်ခိုးနဲ့မို့ အရိုးခံပျောက် သူခိုးဉာဏ်ပေါက်ပြီး ကျီးမရောက် ကြက်မမြောက် အောက်ကလိအာ နိမိတ်ပုံတွေနဲ့ တုန်လှုပ်စရာ ဂုဏ်လုပ်ကဗျာကို ရွှေထုတ်တဲ့မြပဝါ မလုပ်ပါဘူး။


ကဗျာဟာ လူတကာရင်ထဲမှာ ထင်စွဲနေတဲ့ ပုံတင်သံကာရံတွေ အတောင်ပေါက်ပြီး ဟိုရောက်သည်ရောက် မပျံ့အမှန်တရားရဲ့ လေးစားဖွယ် မန္တာန် ဦးမခံဘဲ ဂုဏ်လျှံတဲ့ တေးသံ အေး. . . ကဗျာဟာ သစ္စာကြေးမုံ မှန်။ ။( ကဗျာဆရာနဲ့ တွေ့ဆုံခြင်းမှ)

ဆေးလိပ်လည်းတို
နေလည်းညိုပြီ
ငါ့ကိုပြန်ပို့ကြပါလေ။ ။
(ဇည့်သည်ကြီး ကဗျာမှ)

# မြစ်ကြီးနားမြို့ ကုန်စည်ဈေးနှုန်း

| ကုန်စည်အမည် | ဈေးနှုန်း |
| --- | --- |
| ဆန်မာတစ်အိတ် | ၂၈၀၀၀ကျပ် |
| ချင်းတုန်းတစ်အိတ် | ၂၈၀၀၀ကျပ် |
| ပေါ်ဆန်းမွှေးတစ်အိတ် | ၃၈၀၀၀ကျပ် |
| လုံးသွယ်မွှေး | ၄၂၀၀၀ကျပ် |
| ဆိတ်သား | ၁၃၀၀၀ကျပ် |
| အမဲသား | ၁၄၀၀၀ကျပ် |
| ငါး | ၄၀၀၀ကျပ် |
| ငါးချဉ် | ၅၅၀၀ကျပ် |
| ငါးဆုပ် | ၈၅၀၀ ကျပ် |
| အိမ်ကြက် | ၁၀၀၀၀ကျပ် |
| ရိုးရိုးကြက် | ၆၀၀၀ကျပ် |
| ဝက်သား | ၁၃၀၀၀ကျပ် |
| ခရမ်းချဉ်သီး | ၂၂၀၀ကျပ် |
| မြန်မာအာလူး | ၁၃၀၀ကျပ် |
| တရုတ်အာလူး ၁ပိဿာ | ၁၀၀၀ ကျပ် |
| ကုလားပဲ ၁ပြည် | ၁၈၀၀ကျပ် |
| မြေပဲဆန် တစ်ဘူး | ၄၀၀ကျပ် |
| ကြက်ဥ | ၁၀၀ကျပ် |
| ဘဲဥ | ၁၇၀ကျပ် |
| ကြက်သွန်နီ ၁ပိဿာ | ၁၀၀၀ကျပ် |
| ကြက်သွန်ဖြူ ၁ပိဿာ | ၁၄၀၀ကျပ် |
| ငရုတ်သီး စိမ်း | ၁၃၀၀ကျပ် |
| ငရုတ်သီးခြောက် ၁ပိဿာ | ၄၀၀၀ကျပ် |
| ချင်း | ၁၈၀၀ကျပ် |

# မှတ်ဉာဏ်အားနည်းစေနိုင်တဲ့ အစားအစာများ



မှတ်ဉာဏ် အားကောင်းခြင်းက ကျောင်းသားလူငယ်တွေ အတွက်သာမက လုပ်ငန်းခွင်ဝင်နေတဲ့ လူကြီးတွေအတွက်လည်း အသုံးဝင်ပါတယ်။ အရာရာကို မှတ်မှတ်သားသား ရှိခြင်းဟာ မိမိရဲ့လုပ်ငန်းခွင်မှာ လုပ်ရည်ကိုင်ရည် ပိုတက်စေနိုင်သလို လုပ်ဖော်ကိုင်ဖက်တွေရဲ့ အမှတ်ပေးခြင်းကိုလည်း ရရှိစေနိုင်မှာပါ။

မှတ်ဉာဏ်အားကောင်းချင်ရင် တတ်နိုင်သမျှ ရှောင်ရှားနိုင်တဲ့၊ မရှောင်နိုင်ရင်လည်း ပမာဏနည်းနည်းပဲ စားသုံးသင့်တဲ့ အစားအစာတွေ ရှိနေပါသေးတယ်။ အဲဒါတွေကတော့. . . .

**၁။ တူနာငါး**

တူနာငါးထဲမှာ ပရိုတိန်းဓာတ်ကြွယ်ဝစွာပါဝင်ပြီး ခန္ဓာကိုယ်တစ်ခုလုံး ကျန်းမာရေးအတွက်အထူးအကျိုးဖြစ်ထွန်းစေနိုင်ပါတယ်။ ဒါပေမဲ့ ဒါဟာလည်း ပမာဏနည်းနည်းနဲ့ ချင့်ချိန်စားသုံးတတ်မှပါ။ လူတစ်ယောက်မှာ တစ်ပတ်မှာ(၂) ကြိမ်ခန့်ပဲ စားသုံးပေးသင့်ပါတယ်။ တူနာငါးကို အလွန်အကျွံစားသုံးမိမယ်ဆိုရင် မာကျူရီဓာတ်များပြားမှုကြောင့် ဦးနှောက်ရဲ့ လုပ်ဆောင်မှုတွေကို ထိခိုက်စေနိုင်ပြီး မှတ်ဉာဏ်အားနည်းစေနိုင်ပါတယ်။

**၂။ ပဲပုပ်**

ပဲပုပ်နဲ့ပြုလုပ်တဲ့ တို့ဟူး၊ ပဲပြား၊ ပဲငံပြာရည်၊ ပဲငပိ စတာတွေဟာ သင့်အတွက်ကောင်းကျိုးထက် ဆိုးကျိုးကိုပဲ ပိုဖြစ်စေနိုင်ပါတယ်။ ပဲပုပ်ထဲမှာ ဆိုဒီယမ်နဲ့ဆား ပမာဏများစွာ ပါဝင်ပြီး ဦးနှောက်ကို ထိခိုက်စေနိုင်တဲ့ ဂုဏ်သတ္တိရှိပါတယ်။ ပဲပုပ်ကို အလွန်အကျွံ စားသုံးမယ်ဆိုရင် သွေးတိုးရောဂါလည်း ဖြစ်စေနိုင်ပြီး ဦးနှောက်ထဲကို သွေးနဲ့အောက်ဆီဂျင်တွေ စီးဆင်းမှုကို ပိတ်ပင်တားဆီးနိုင်တဲ့အတွက် မှတ်ဉာဏ်ဆုံးရှုံးခြင်းလိုမျိုး၊ စဉ်းစားချင့်ချိန်နိုင်စွမ်း လျော့ကျခြင်းလိုမျိုး ပြဿနာတွေကို ကြုံတွေ့နိုင်ပါတယ်။

**၃။ အရက်**

အရက်သောက်ခြင်းဟာ ဦးနှောက်ပေါ်ကို ရေရှည်အကျိုးသက်ရောက်မှု ရှိနိုင်ပါတယ်။ အရက်ကိုပမာဏတစ်ခုနဲ့ ချင့်ချိန်သောက်သုံးခြင်းကတောင် ဦးနှောက်ဆဲလ်တွေကို အားနည်းစေနိုင်ပြီး မှတ်ဉာဏ်ဆုံးရှုံးခြင်းကို ဖြစ်စေနိုင်ပါတယ်။ ဒါကလည်း အရက်သေစာသောက်သုံးခြင်းကို ရှောင်ရှားပြီး ကျန်းမာပျော်ရွှင်တဲ့ ဘဝတစ်ခုမှာ နေထိုင်တတ်စေဖို့အတွက် အကြောင်းပြချက်တစ်ခုပါပဲ။

**၄။ ဆေးသကြားများတဲ့ အချိုရည်တွေ**

အသင့်ဖျော်စပ် သောက်သုံးနိုင်တဲ့ အချိုရည်တွေမှာ အချိုဓာတ်နဲ့ ဆေးသကြားပါဝင်မှု အလွန်များပြားပါတယ်။ အဲဒီအချိုဓာတ်တွေဟာ ဆီးချိုရောဂါတစ်ခုတည်းကို ဖြစ်စေနိုင်တာ မဟုတ်ပါဘူး။ သွေးတွင်း အချိုဓာတ်များခြင်းဟာ ဦးနှောက်နဲ့ အာရုံကြောဆိုင်ရာ လွဲချော်မှုတွေကို ဖြစ်စေနိုင်ပြီး မှားယွင်းတဲ့ ဆုံးဖြတ်ချက်တွေကို ချမိစေနိုင်ပါတယ်။ နောက်ပြီး ချင့်ချိန်တွေးခေါ်နိုင်စွမ်းနဲ့ စနစ်တကျ အလုပ်လုပ်ကိုင်နိုင်စွမ်းကိုလည်း ဆုံးရှုံးစေပါတယ်။

**၅။ ထမင်းဖြူ**

လူအများစုကတော့ အံ့သြသွားကြမယ် ထင်ပါတယ်။ ဟုတ်ပါတယ်။ တကယ်တော့ ကျွန်တော်တို့ မြန်မာလူမျိုးတွေရဲ့ အဓိကစားသုံးကုန်ဖြစ်တဲ့ထမင်းဖြူဟာကာဘိုဟိုက်ဒရိတ် ကြွယ်ဝပြီး ဦးနှောက်ရဲ့ မှတ်ဉာဏ်အပိုင်းကို အကျိုးသက်ရောက်မှု ရှိစေနိုင်ပါတယ်။ ဒါကြောင့် ထမင်းချက်စားရင် ဆန်ညိုထမင်းကိုလည်း ရောနှော စားသုံးပေးသင့်ပါတယ်။ ဒါ့အပြင် ထမင်းဖြူက စိတ်ကျရောဂါနဲ့လည်း ဆက်နွှယ်နေနိုင်ပါသေးတယ်။ တစ်နေ့ အစား(၃)နပ်မှာ ညစာနဲ့ မနက်စာကို ထမင်းဖြူစားသုံးမှုကို တတ်နိုင်သမျှ ရှောင်ရှားခြင်းဖြင့် မှတ်ဉာဏ်အားကို တိုးတက်စေနိုင်ပါတယ်။

duwun.com.mm

# တညင်း(ဒညင်း)ဂုဏ်နှင့် အသုံးပြုပုံ



အသီးကို ဆီးချိုရောဂါ၌ သုံးသည်။ ၎င်းကို ဆားရည်စိမ်ပြီးလျှင် ထိုဆားစိမ်ရည်ကို သောက်ရာ၏။ တညင်းသီး၏ အတွင်းအခွံကို စားသောက်ရာ၏။ ဆီးချိုရောဂါသည် အမျိုးများလှသဖြင့် ဆီးလွန်သော ဆီးနှံ့မရှိ သော ရေငတ်သည့် ဆီးချိုရောဂါတစ်မျိုးတွင် အထောက်အပံ့ပေး၏။ သွေးတွင်ဝင်ရောက်၍ ချိုသောနက်ရှိုင်းသည့် ဆီးချိုရောဂါတို့၌မူ ၎င်းအသီးသည် အကျိုးမပြုချေ။ အသီးထက် အသီး၏အခွံပါးက ပိုပြီးကျေးဇူးများဟန်ကို သတိပြုသင့်ပါသည်။

၎င်းအသီးသည် နှုတ်ကိုလည်း လွန်စွာမြိန်စေ၏။ ကြေကျက်ခဲ၏။ ဆားရည်စိမ်၍ စားသောက်ခြင်း မီးအုန်း၍ စားသောက်ခြင်းသည် အစိမ်းသက်သက် စားသောက်ခြင်းထက် အပြစ်ပြုရာ၌ သက်သာ၏။ ၎င်းသည် အကျိုးပြုခြင်းထက် အပြစ်ပြုခြင်းက ပို၍များ၏။ အကြောင်းမူ တညင်းသီးသည်ကြေကျက်ခဲ၏။ လေး၏။ လေ၏ လှုပ်ရှားသွားလာမှုကို တားမြစ်ပိတ်ပင်၏။

တညင်းသီး၌ တည်ရှိသော အနံ့အခိုး(လေ) တစ်မျိုးရှိ၏။ ၎င်းသည် အထက်သို့တက်စေ၏။ သန်းဝေခြင်း၊ ခေါင်းဇက်လေးခြင်း၊ ထိုင်းမှိုင်းလေးလံခြင်း စသည်ဖြင့် များစွာအပြစ်ပြုသောကြောင့် ငယ်ရွယ်သူ ဝမ်းမီးကောင်း သူမှတစ်ပါး ထိုအသီးကို များစွာမစားသင့်ချေ။

မလေးနိုင်ငံတို့၌ ၎င်းအသီးကို အဆိပ်တစ်မျိုးဖြစ်သည်ဟု မှတ်ယူကာ မစားသောက်ကြပေ။ "အချိုတွင် သကာလောင်း"ဟူသကဲ့သို့ ဝက်သားနှင့် ချက်ကြ၏။ အချို့သူတို့သည် အုန်းနို့၊ အုန်းသီးများဖြင့် ပေါင်း၍စာကြ၏။ လွန်စွာအရသာရှိပါ၏။ ကြေချက်ခဲသဖြင့် ချင့်ချိန်၍ စားရ၏။ တစ်ချိန်တည်းမှာပင် တစ်ခွက်တစ်ပြည် ခန့် စားသောက်ကြ၍ ထိုနေ့၌ပင် အသက်အန္တရာယ်ပြုသွားသည် အထိခံရ၏။ တောက်တတ်သော အဆိပ်ငယ်မျိုးရှိသည်ကို သတိပြုရာ၏။

အရွက်ကို ပြုတ်လျက် ဒူးနာရောဂါ၌ အတွင်းဆေး၊ အပြင်ဆေးအဖြစ်ဖြင့် အသုံးပြုရ၏။ ဆံပင်တို့ကို သန်စေတတ်၏။ ဝမ်းကို သက်သာစေတတ်၏။ သို့ရာတွင် နှလုံးအတွက် အဆိပ်တစ်မျိုး ဖြစ်၏။

ကောက်နုတ်ချက် - အရှင်နာဂသိန်း ပုံပြဆေးအဘိဓါန်မှ ကောက်နုတ်ဖော်ပြသည်။

# Movie View

▶ **ယခုအပတ် ရော(မြစ်ကြီးနား)ရုပ်ရှင်ရုံတွင် ရုံတင်ပြသမည့် ဇာတ်ကားများ**

၂၀ - ၇ - ၂၀၁၈ မှ ၂၆ - ၇ - ၂၀၁၈ အထိ

မြန်မာရုပ်ရှင်ကို နေ့လယ် ၁၂ နာရီ၊ ၇ နာရီခွဲစသည့် ပွဲချိန်တွင် - **ဘော်ဘော်ကထော်**

မြန်မာရုပ်ရှင်ကို ညနေပိုင်း ၃ နာရီခွဲပွဲချိန်တွင် - **ရာဇဝင်ရိုင်းခဲ့သည်**





| အသုံးဝင်သော ဖုန်းနံပါတ်များ | |
|---|---|
| ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | ၀၇၄-၂၂၃၆၃၊ ၂၂၄၄၄ |
| မြို့မရဲစခန်း | ၀၇၄-၂၂၆၀၄ |
| နယ်မြေရဲစခန်း | ၀၇၄-၂၂၆၀၅ |
| မူးယစ်(အထူး) | ၀၇၄-၂၀၈၉၈ |
| မှုခင်းရဲတပ်ဖွဲ့ | ၀၇၄-၂၃၉၃၇ |
| ယာဉ်ထိန်းရဲ | ၀၇၄-၂၂၃၀၈ |
| မီးသတ်တပ်ဖွဲ့ | ၀၇၄-၂၂၄၆၇ |
| လူကုန်ကူးမှုတားဆီးရေး | ၀၇၄-၂၀၈၉၈ |
| ပြည်သူ့ဆေးရုံ (ဆေးရုံအုပ်ကြီး) | ၀၇၄-၂၂၃၀၃ |

မြစ်ကြီးနားသတင်းဂျာနယ်
( ဇူလိုင် ၂၃ ၊ ၂၀၁၈)

# အညာမြေက ‘ပိုင်’ ထန်းတဲ

မွန်းမွန်းပန် ရေးသားသည်

**ကချင်ပြည်နယ်အတွင်းမှာရှိတဲ့ မြစ်ကြီးနားသတင်းဂျာနယ် စာဖတ်ပရိသတ်များအတွက် ဒီအပတ် တင်ဆက်ပေးချင်တဲ့ အကြောင်းအရာကတော့ ပုဂံမြို့ကိုသွားလည်ဖြစ်မယ်ဆိုရင် အညာဒေသရဲ့ အငွေ့အသက်ကို ခံစားလို့ရမယ့် နေရာလေး တစ်နေရာကို ညွှန်းပေးချင်ပါတယ်ရှင့်။**

ပုဂံကိုရောက်ရင် အညာဒေသရဲ့ စစ်မှန်တဲ့ဘဝကို နာရီပိုင်းလေးခံစားချင်တယ်ဆိုရင် ဗူးစင်တွေ၊ ပန်းရောင်စုံခင်းတွေနဲ့ ထန်းပင်ကြားထဲက ဆိုင်လေးကို မိတ်ဆက်ပေးချင်ပါတယ်။

အဲဒီဆိုင်ကတော့ ပုဂံ ညောင်ဦး ကျောက်ပန်းတောင်း လမ်းမကြီးပေါ်မှာရှိတယ်။ ညောင်ဦးကနေ ဆိုင်ကယ်နဲ့ မိနစ် ၃၀ လောက်သွားရင် ရောက်တဲ့ ရွှေလှိုင်ရွာက ‘ပိုင်’ ထန်းတဲဆိုင်ပဲ ဖြစ်ပါတယ်။

ခရီးသွားဧည့်သည်တွေအနေနဲ့ ပုဂံကနေ ပုပ္ပားကိုသွားတဲ့အခါ ခရီးတစ်ထောက်နားချင်သူတွေ၊ ထန်းရည်ချို/ခါး သောက်ချင်သူတွေ၊ ခရီးပန်းလို့ ခဏလောက်နားချင်သူတွေ ဝင်ရောက်အပန်းဖြေနိုင်တဲ့ ဆိုင်ပါ။

ဆိုင်မှာရနိုင်တဲ့ အစားသောက်တွေက ထန်းရည်ချို/ခါး ရေသန့်ဘူးတစ်ဘူးစာမှ ၅၀၀ ကျပ်ပါ။ မြေအိုးနဲ့ထန်းရည်ကိုထည့်ပေးပြီး ထန်းသီးနဲ့လုပ်ထားတဲ့ ခွက်နဲ့သောက်သုံးနိုင်ပါတယ်။ ထမင်းဆီဆမ်းတစ်ပွဲလည်း ၅၀၀ ကျပ်ပဲရှိပြီးတော့ အကြော်နဲ့ အသုပ်တွေကတော့ တစ်ပွဲ ၁၀၀၀ ကျပ်ရှိပါတယ်။

ပြောင်းဖူးကြော်၊ ကြက်သွန်ကြော်နဲ့ ဗူးသီးကြော်အပြင်အသုပ်ဆိုလည်း ကျောက်ပွင့်သုပ်၊ ရှောက်သီးသုပ်၊ ဂျင်းသုပ်၊ လက်ဖက်အစုံသုပ်၊ သဘော်သီးသုပ်၊ ဆေးဘဲဥသုပ်၊ ခရမ်းချဉ်သီးသုပ်၊ ကြောင်လျှာသီး/ပွင့်သုပ်၊ ပေါက်ပန်းဖြူသုပ် စတဲ့ အသုပ်တွေကိုလည်း ရနိုင်ပါသေးတယ်။

“ဒီမှာက ပိုပြီးသပ်ရပ်မှုရှိတယ်။ လုပ်တာကိုင်တာက စနစ်ကျတယ်။ စီမံမှုကောင်းတယ်။ သေချာလုပ်ပေးတယ်” လို့ ရန်ကုန်က ခရီးသွားဧည့်သည် ဦးကိုကိုထွန်းက ပြောတယ်။

ဆိုင်ရှေ့ရောက်တာနဲ့ အရှည် ၃ ပေလောက်ရှိပြီး အနံတစ်ပေလောက်ရှိတဲ့ ထန်းလှီးဓား ပြီးတော့ အဲဒီဓားရဲ့တစ်ဖက်မှာက ထန်းပင်နဲ့ ပြုလုပ်ထားတဲ့ အမြောက်ကြီး၊ နောက်ဆီကြိတ်တဲ့ ကြိတ်ဆုံးတို့ကိုလည်း တွေ့ရမှာပါ။

ဆိုင်ထဲဝင်လိုက်တာနဲ့ထန်းပင်၊ ထန်းရွက်စတဲ့ ထန်းထွက်ပစ္စည်းလေးတွေနဲ့ပဲ ပြုလုပ်ထားတဲ့ တဲလေးတွေက အညာဒေသရဲ့ အပူဒဏ်ကို သက်သာသွားစေမှာပါ။








အစားအစာတွေကို မစားခင် အပေါ့အပါးသွားမယ်ဆိုရင်တော့ နောက်ဖေးဘက်က သန့်စင်ခန်းတွေက သန့်ရှင်းသပ်ရပ်လို့ ဧည့်သည်ကို စိတ်ဩြငြင်စေမှာ မဟုတ်ပါဘူး။

စဥ့်အိုးတွေကို ကြီးစဉ်ငယ်လိုက်စီထားပြီး ‘ပိုင်’ ထန်းတဲ ဘဘကြီးရဲ့ ပုံတူရုပ်တုကိုလည်း ထန်းအိုးလေးနဲ့ အတူ တွေ့မြင်နိုင်တယ်။ ဘဘကြီး ဇနီးဒေါ်မြင့်စိန်ရဲ့ ပုံတူရုပ်တုကိုလည်း ထုလုပ်နေပြီမို့ မကြာမီဧည့်သည်တွေ မြင်တွေ့ခွင့်ရမှာဖြစ်ပါတယ်။

အပန်းဖြေနိုင်ဖို့အတွက် ရောင်စုံပန်းခင်းလေးတွေလည်းရှိလို့ တောခလေ့ပြတိုက်လို့တောင် ထင်မိစေမှာပါ။ မိသားစုနဲ့အတူလာတဲ့ ခရီးသွားတွေအတွက် ကလေးဒန်းစီးလေးတွေ၊ ဆော့စရာ ရောင်စုံအိုးပုတ် ချိုးရုပ်လေးတွေ ရှိတယ်။ အမျိုးသမီးတွေနဲ့ အမျိုးသားတွေ အဝတ်လဲလို့ရတဲ့ အခန်း၊ အဲဒီအခန်းထဲမှာပဲ သနပ်ခါးလိမ်းချင်တဲ့ သူလိမ်းဖို့ ကျောက်ပြင်နဲ့ သနပ်ခါးတုံးတွေ၊ မှန်တွေကိုလည်း ထားပေးထားတယ်။

အစားမစားမီ လက်ဆေးဖို့အတွက်လည်း ဗူးပင်စည်နားမှာ လက်ဆေးရန်ဆိုတဲ့ စာလေးတွေနဲ့အတူ ရေပိုက်တွေ အမှိုက်ထည့်ဖို့ ထန်းရွက်နဲ့လုပ်ထားတဲ့ တောင်းတွေ သူနေရာနဲ့ သူနေရာတကျရှိနေတယ်။ ဆိုင်ရှင်ရဲ့ စိတ်ကူးကောင်းကောင်းနဲ့ ဆိုင်ရဲ့အပြင်အဆင်တွေကို လာစားတဲ့ ဧည့်သည်တွေ အကြံပေးချက်တွေနဲ့ ပေါင်းစပ်ပြီး ပြင်ဆင်ထားတာလို့ သိရတယ်။

“ဧည့်သည်တွေ စိတ်ပသာဒရအောင် ရန်ကုန်မှာရှိတဲ့ သားနဲ့ တိုင်ပင်ပြီး ပြင်ဆင်ဖြစ်တာပါ။ အဘ . . . . . . မှန်တာပြောချမ်းသာပါစေ။ ဘယ်သူ့ဆီကမှ သွားမကြည့်ထားပါဘူး။ ကိုယ်ပိုင်တီထွင်ပြီး လုပ်ထားတာ ဖြစ်ပါတယ်” လို့ဦးမောင်စန်းက ပြောပါတယ်။

ဟိုဟိုဒီဒီလိုက်ကြည့်ပြီး ဗိုက်ဆာလာပြီဆိုရင်တော့ မိမိကြိုက်နှစ်သက်တဲ့ စားပွဲခုံတန်းလေးတွေ ရွေးချယ်ပြီး စားစရာတွေမှာ စားလို့ရပါပြီ။ ဆိုင်ကဝန်ထမ်းလေးတွေကလည်း အစားအစာတွေကို သန့်သန့်ရှင်းရှင်းသပ်သပ်ရပ်ရပ် လုပ်ပေးတဲ့အတွက် စားသောက်လို့လည်း အဆင်ပြေစေမှာပါ။

“ဖုန်းအားသွင်းရန်။ သတိ-မမေ့ပါနှင့်”ဆိုတဲ့ သတိပေးဆိုင်းဘုတ်လေးတွေ ချိတ်ထားတဲ့ မီးပလပ်ပေါက်ခုံတွေ ဆိုင်အတွင်းမှာရှိတာမို့ ဖုန်းအားကုန်သွားတဲ့ ဧည့်သည်တွေအတွက်တော့ အတော်ပါပဲ။

ထမင်းဆီဆမ်းဆိုရင်လည်း ကိုယ်တိုင်ကြိတ်ယူထားတဲ့ပဲဆီနဲ့ နယ်ပေးထားပြီး မြေပဲကြော်လေး ဖြူးပေးထားတယ်။

ဧည့်သည်တွေကို တင်ခေါ်လာတဲ့ ကားသမားနဲ့ ဆိုင်ကယ်ကယ်ရီသမားတွေအတွက်လည်း ခရီးသည်ကို စောင့်နေရင်း ကိုယ်တိုင်ထည့်စားတဲ့စနစ်နဲ့ ထမင်း၊ ငါးပိချက်၊ ချဉ်ပေါင်ဟင်းရည်၊ ပဲချက်တွေစားလို့ရသလို၊ အချိုတည်းဖို့ လက်ဖက်နဲ့အကြော်စုံ၊ အဆင်သင့်သောက်သုံးလို့ရတဲ့ ကော်ဖီထုပ်စုံ၊ ရေနွေးကြမ်း၊ ထန်းလျက် စတဲ့ စားစရာလေးတွေလည်း အခမဲ့သုံးဆောင်ခွင့်ပေးထားတယ်။

“သူတို့က ကားခဆိုတာ အများကြီးရတာမဟုတ်ဘူး။ ရတဲ့ငွေနဲ့ ဓာတ်ဆီထည့်လိုက်မယ် ထမင်းပြန်ဝယ်စားမယ်ဆိုရင် မကျန်တော့ဘူး။ ဒါကြောင့် သူတို့တွေ ဝယ်စားစရာမလိုအောင် အဘက ဒါနပေးတာပါ”လို့ ဦးမောင်စန်းက ပြောပါတယ်။

ခရီးသည်တွေအတွက် မနက် ခြောက်နာရီ ခုနှစ်နာရီမှာမှ ဖွင့်မယ်ဆိုရင် အဆင်မပြေနိုင်တာဖြစ်တဲ့အတွက် မနက် လေးနာရီကနေ ညရှစ်နာရီအထိ ဖွင့်ထားတယ်။ ဒါကြောင့် ခရီးသွားတွေအနေနဲ့ မနက်စောလို့ဖြစ်စေ၊ ညမိုးချုပ်လို့ဖြစ်စေ ဗိုက်ဆာရင် ဝင်စားနိုင်တာပေါ့။

“မနက်ကြီးဆိုရင် ရန်ကုန်ကို အစောကြီး ပြန်မယ်ဧည့်သည်တွေဆို ဆိုင်ဖွင့်တော့ အဆင်ပြေတာပေါ့”လို့ ဘကြီးဦးမောင်စန်းက ပြောသည်။

‘ပိုင်’ ထန်းတဲကို မနက်စောစောလာမယ်ဆိုရင်တော့ ထန်းလျက်ဘယ်လိုချက်တယ်၊ ထန်းအရက်ဘယ်လို ချက်တယ်ဆိုတာကို လေ့လာနိုင်ခွင့်ရမှာဖြစ်ပြီး ထန်းရေချိုကိုလည်း အပင်က လတ်လတ်ဆတ်ဆတ် သောက်သုံးခွင့်တွေရရှိမှာပါ။

“မှန်တာပြောချမ်းသာ၊ ငါကတော့ ဒီဆိုင်မှာ အမြတ်ရဖို့ထက် စားတဲ့သူတွေ အဆင်ပြေပြေနဲ့ ဖြစ်စေချင်တာက အဓိကပဲ”လို့ ဦးမောင်စန်းက ပြောတယ်။

ဆိုင်နဲ့ပတ်သက်ပြီး အဆင်မပြေတာရှိရင် မှတ်ချက်လေးပေးဖို့အတွက် တိုင်လေးတွေမှာ ကျောက်သင်ပုန်းနဲ့ ကျောက်တံလေးတွေကို ပါ ချိတ်ဆွဲပေးထားသေးတယ်။

“ရှောက်သီးသုပ်ဆားငန်တယ်ဆိုတာကအစ ဘယ်လိုရှိတယ်ဆိုတာ အားလုံးချရေးသွားနိုင်ပါတယ်။ ညနေကြရင် လိုက်ကြည့်ပြီး ပြုပြင်ဖို့ အသုပ်သုပ်တဲ့သူတွေကို ပြောပါတယ်။ ဒီလိုနဲ့ပဲ ဆိုင်ကိုဒီနေ့အထိဖွင့်လာတာပါ”လို့ ကျောက်သင်ပုန်းတွေကို လိုက်ပြရင်း ဘကြီးဦးမောင်စန်းက ပြောပါတယ်။

ပြန်တော့မယ်ဆိုရင်တော့ ထန်းပင်ထွက်ပစ္စည်းတွေဖြစ်တဲ့ ရိုးရိုးထန်းလျက်အပြင် ဇီး၊ အုန်း၊ ချင်း၊ မကျီးတို့နဲ့ လုပ်ထားတဲ့ ထန်းလျက်၊ ထန်းဦးရည်၊ တောရှောက်မြစ်နဲ့ထန်းဦးရည်စိပ်ထားတဲ့ ဆေးစိမ်အရက်တို့ကိုလည်းရရှိနိုင်သလို ခြံထွက် ပဲဆီ၊ သနပ်ခါး၊ ထန်းခေါက်ဖာစတဲ့ပစ္စည်းလေးတွေကိုလည်း အိမ်ပြန်လက်ဆောင်ဝယ်သွားလို့ ရပါသေးတယ်။

ဆိုင်ကိုလာစားဖို့အတွက် ကြိုတင်ဖုန်းဆက်ပြီး မှာထားလို့ရသလို ဆိုင်ကပြန်မှ အဆင်မပြေတဲ့အကြောင်း ပြန်ပြောချင်တယ်ဆိုရင်တော့ ဆိုင်ဖုန်းကို ဆက်သွယ်နိုင်တယ်လို့ သတိပေးစကား ဆိုင်းဘုတ်လေးတွေ ထန်းတိုင်တွေမှာ ကပ်ထားပါသေးတယ်။

ဗူးပင်စိုက်ဖို့စိတ်ဝင်စားတဲ့ ခရီးသွားဧည့်သည်တွေအနေနဲ့ ဗူးမျိုးစေ့တွေ တောင်းယူဖို့နဲ့ ဘယ်လိုစိုက်ပျိုးရမယ်ဆိုတဲ့ နည်းလမ်းမေးဖို့လည်း မမေ့နဲ့နော်။

ပုဂံကိုလာရောက်လည်ပတ်ကြတဲ့ ဘုရားဖူးခရီးသွားတွေနဲ့ လေ့လာရေးရောက်ရှိလာတဲ့ ခရီးသွားတွေ သွားရောက်သင့်တဲ့ နေရာတစ်နေရာဖြစ်တယ်ဆိုတာကို မြစ်ကြီးနားသတင်းဂျာနယ်မှာ ညွှန်းပေးလိုက်ပါတယ်ရှင့်။

# မြေမြှုပ်မိုင်းအန္တရာယ်ကို ကြောက်၍ စစ်ဘေးတိမ်းရှောင်လာသူများ နေရပ်မပြန်ရဲကြ



မြစ်ကြီးနား၊ ဇူလိုင်

မြစ်ဆုံ - တန်ဖဲစစ်ရှောင်စခန်းသို့ စစ်ဘေးတိမ်းရှောင်လာသူများသည် မြေမြှုပ်မိုင်းအန္တရာယ်ကို ကြောက်ရွံ့နေ၍ နေရပ်ပြန်ရန် တွန့်ဆုတ်နေကြသည်ဟု စစ်ရှောင်စခန်းတာဝန်ခံက ပြောသည်။

ပြီးခဲ့သည့် မေလအတွင်းက မြန်မာ့တပ်မတော်နှင့် ကေအိုင်အိုတို့ နှစ်ဖွဲ့ကြားဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် အင်ဂျန်းယန်မြို့နယ်မှ အိမ်ထောင်စု ၂၂၅ စုသည်စစ်ဘေးလွတ်ရာမြစ်ကြီးနားမြို့နှင့်ဝိုင်းမော်မြို့ဘက်သို့ တိမ်းရှောင်လာခဲ့ကြသူများ ဖြစ်သည်။

ယခုအခါ မိမိတို့နေရပ်ဒေသများသို့ ပြန်နိုင်ပြီဖြစ်ကြောင်း အစိုးရက ခွင့်ပြုသော်လည်း မိုင်းအန္တရာယ်ကြောင့် မပြန်ရဲဘဲဖြစ်နေကြသည်ဟု မြစ်ဆုံ - တန်ဖဲစစ်ရှောင်စခန်းတာဝန်ခံဦးတူးမိုင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"အခုကျွန်တော်တို့နေရာမှာက ပြန်လာနေလို့တော့ရပြီ။ ဒါပေမယ့် အလုပ်လုပ်လို့တော့ မရဘူး။ အလုပ်ကြောင့် ပစ်ထားပြီးသွားလာလို့လည်း မရဘူး။ အဓိကတော့ မိုင်းကိုကြောက်လို့ မပြန်ရဲတာပါ။ ရွာထဲမှာတော့ ရတယ်။ ဒါပေမယ့် ပတ်ဝန်းကျင်မှာက မိုင်းထောင်ထားပေးတာကြောင့် အလုပ်လုပ်လို့မရဘူး"ဟု ဦးတူးမိုင်က ပြောသည်။

ထိုသို့ရွာပတ်ဝန်းကျင်တွင် စစ်ဗျူဟာအရမိုင်းများထောင်ထားကြောင်းကို အဆိုပါဒေသတွင် တပ်စွဲထားသည့် မြန်မာ့တပ်မတော်နှင့် ကေအိုင်အိုတပ်ဖွဲ့နှစ်ဖွဲ့စလုံးမှ တာဝန်ရှိသူများက ပြန်ပြောပြသည်ဟု စစ်ရှောင်စခန်းတာဝန်ခံက ဆက်ပြောပြသည်။

"မိုင်းထောင်ထားပါတယ်ဆိုပြီး သူတို့ကိုယ်တိုင် ကျွန်တော်တို့ကိုပြန်ပြောပြပါတယ်။ အစိုးရ တပ်မတော်ဘက်ကလည်းပြောတယ်။ ကေအိုင်အိုဘက်ကလည်းပြောတယ်။ ကျွန်တော်တို့ သူတို့ဆီကိုသွားတွေ့ပြီးခွင့်တိုင်တော့ သူတို့က နေဒီနေရာ၊ ဒီနေရာကိုမသွားကြပါနဲ့။ သူတို့ကန့်သတ်ထားတာပေါ့။ သူတို့နှစ်ဖွဲ့လုံး ထောင်ထားတဲ့မိုင်းတွေက ဘယ်နေရာ၊ ဘယ်နေရာမှာ ထောင်ထားလဲဆိုတာတိုက်ပွဲတွေဖြစ်တော့ သူတို့ကိုယ်တိုင်ကလည်းမသိတော့ဘူး" ဟု ယင်းက ဆက်ပြောသည်။

အဆိုပါကိစ္စနှင့် ပတ်သက်ပြီးအင်ဂျန်းယန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မရန်ဂျာဆိုင်းခေါန်ကို ဆက်သွယ်မေးမြန်းခဲ့ရာတွင် ထိုအခက်အခဲများနှင့် ပတ်သက်၍ လာမည့်လွှတ်တော်အစည်းအဝေးတွင် မေးမြန်းရန်စီစဉ်ထားကြောင်းနှင့် တတ်နိုင်သည့်ဘက်မှလည်း ကူညီဖြေရှင်းပေးသွားမည် ဖြစ်ကြောင်းလည်း ပြောပြသည်။

"အဲဒါလည်းအန်တီလွှတ်တော်မှာ မေးခွန်းလည်းတင်ထားတယ်။ အဲဒါက Security Issue တဲ့။ အဲဒီမေးခွန်းက ကာကွယ်ရေးနှင့် လုံခြုံရေးမေးခွန်းဆိုတော့ မေးခွင့်မပြုတဲ့။ အဲလိုခက်ခဲမှုတွေတော့ အန်တီတို့ဘက်မှာရှိတယ်"ဟု ဒေါ်မရန်ဂျာဆိုင်းခေါန်က ပြောသည်။

ယခုလက်ရှိအချိန်တွင် မြစ်ဆုံ - တန်ဖဲစစ်ရှောင်စခန်းများ၌ အိမ်ထောင်စု ၂၂၅ စု၊ နေထိုင်ကာ လူဦးရေစုစုပေါင်း ၁၀၃၈ ဦးရှိကြောင်းသိရသည်။

ဆိုင်း(ကချင်မြေ)

# ယူပီဂျီသုတ်ဆေး ကုမ္ပဏီက ဆေးသုတ်နည်း အခမဲ့လာရောက်သင်ပြ

မြစ်ကြီးနား၊ ဇူလိုင် ၁၉

ကချင်ပြည်နယ်အတွင်း ဆေးမှုတ်လုပ်ငန်းများ အဆင့်မြင့်နည်းပညာဖြင့် လုပ်ဆောင်သွားနိုင်ရန် UPG ကုမ္ပဏီမှ လက်တွေ့သင်တန်းကို ဇူလိုင်လ ၁၉ ရက်နေ့က အခမဲ့သင်ကြားပေးခဲ့ကြောင်း သိရသည်။

ပထမအဆင့် သစ်သားဆေးသုတ်နည်း အကြောင်းကို စာတွေ့အပြင် လက်တွေ့ပါ သင်ကြားပေးခဲ့ပြီး ကချင်ပြည်နယ်အတွင်းက ထွက်ရှိလာသည့် သစ်များကို တာရှည်ခံစေရန် ဆေးဖြင့်ကာကွယ်နိုင်ခြင်း သစ်တောပြုန်းတီးမှုကို ကာကွယ်နိုင်ခြင်း စသည့်အချက်များကြောင့် ယခုကဲ့သို့ ဆေးမှုတ်နည်းများအား လာရောက်သင်ကြားပေးရခြင်း ဖြစ်ကြောင်း United Paints Group Company Limited မှ မန်နေဂျာကိုဇော်မင်းဦးက ပြောသည်။

"ကျွန်တော်မြို့ထဲကို ပတ်ကြည့်လိုက်တဲ့အခါမှာ အကောင်းစားသစ်တွေကို ဆေးဝါပဲသုတ်နေတာတွေ့တယ်။ အရမ်းကို နှမြောဖို့ကောင်းတယ်။ နည်းပညာမရှိတဲ့အခါမှာ တန်ဖိုးကနည်းသွားတယ်။ အဲဒါကြောင့် နှစ်တွေအကြာကြီးသုံးနိုင်အောင် ဒီလို နည်းပညာတွေကို လာသင်ပေးတာပါ"ဟုလည်း ကိုဇော်မင်းဦးက ဆက်လက်ပြောသည်။

ယင်းသစ်သားဆေးသုတ်နည်းအပြင် စက်မှုလက်မှု၊ အိမ်၊ တံတား စသည့် ဆေးမှုတ်/သုတ် နည်းစနစ်များကိုလည်း ထပ်မံ လာရောက်သင်ကြားပေးသွားရန် အစီအစဉ်ရှိကြောင်းလည်း သိရသည်။

"အားလုံးက စိတ်ဝင်စားမှုရှိကြပါတယ်။ နောက်လည်း ဒီထက်အဆင့်မြင့်တဲ့ အခြားသုတ်ဆေးနည်းလမ်းတွေကို လာသင်ပေးဦးမှာပါ။ အားလုံးလုပ်ငန်းခွင်မှာ အသုံးပြုနိုင်လောက်တဲ့အထိ သင်ပေးမှာပါ"ဟုလည်း အထက်ပါကုမ္ပဏီမှ Executive Director ဒေါ်နွယ်နီဝေက ပြောသည်။

အထက်ပါသင်တန်းကို မြစ်ကြီးနားမြို့၊ မဒီရာဟိုတယ်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသား ၅၀ ဦးခန့် တက်ရောက်ခဲ့ကာ သင်တန်းဆင်းလက်မှတ်ကိုပါ တစ်ပါတည်း ထုတ်ပေးခဲ့သည်။

စည်သူ(မြစ်ကြီးနား)

# တနိုင်းမြို့ ကက်သလစ်စစ်ရှောင်စခန်းတွင် နေအိမ်အဆောက် အဦများ လိုအပ်နေ

မြစ်ကြီးနား၊ ဇူလိုင် ၁၉

တနိုင်းမြို့ ကင်ဆားရာရပ်ကွက်ရှိ ကက်သလစ်စစ်ရှောင်ဒုက္ခသည်စခန်းတွင် အိမ်ထောင်စု ၆၀ ကျော် အတွက် နေအိမ်အဆောက်အဦများ လိုအပ်နေကြောင်း စခန်းတာဝန်ခံ ဦးနော်တောင်က ပြောသည်။

စစ်ရှောင်စခန်းတွင် လူနေအိမ်အဆောက်အဦ မလုံလောက်မှုကြောင့် ကျန်းမာရေးပြဿနာနှင့် လူမှုရေးပြဿနာများ ကြုံတွေ့နေကြရသည်ဟုလည်း ဆိုသည်။

"အဆောက်အဦလည်းမလောက်ဘူး။ နေစရာလည်းမလောက်ဘူး။ အဲဒါခက်ခဲနေတယ်။ မိသားစုတွေ အိမ်ထောင်သည်တွေ အတူမနေရတော့ တခြားလူမှုရေးပြဿနာတွေရှိလာတယ်"ဟု ဆရာနော်တောင်က ပြောသည်။

စစ်ရှောင်ပြည်သူများသည်လက်ရှိတွင်မိုးကာတဲနှင့် နေထိုင်ကြပြီး မိုးကာတဲအောက်တွင် နေရသောကြောင့် ကျန်းမာရေးပြဿနာများလည်း ကြုံတွေ့နေရကြောင်း သိရသည်။

"အဆောက်အဦး မလုံလောက်တာကြောင့် ခက်ခဲတာက မိုးကာတဲဖြစ်တာကြောင့်သက်ကြီးရွယ်အိုတွေနဲ့ ကလေးအမေနဲ့ ကလေးတွေ မိုးရွာရင်မိုးကာတဲနဲ့ပဲကာထားတာကြောင့် လေနဲ့ဆိုရင်နေလို့မရတော့ဘူး။ နေပူပြီဆိုရင် တဲမှာနေလို့မရတော့ဘူး။ ဖျားနာတာတွေရှိတယ်"ဟု စစ်ရှောင်စခန်းတွင်နေထိုင်သည့် ဒေါ်လမုန်ဘောက်နန်က ပြောသည်။

တနိုင်းမြို့ ကင်ဆားရာရပ်ကွက်ရှိကက်သလစ်စစ်ရှောင်ဒုက္ခသည်စခန်းတွင် တိမ်းရှောင်နေထိုင်နေသည့် စစ်ရှောင်ပြည်သူများသည်ဧပြီလက တပ်မတော်နှင့်ကေအိုင်အေတိုက်ပွဲဖြစ်ပွားမှုကြောင့် ထွက်ပြေးလာခဲ့ကြခြင်းဖြစ်သည်။ ထိုစစ်ရှောင် ဒုက္ခသည်စခန်းတွင် လူဦးရေ၅၀၀ကျော် နေထိုင်လျက်ရှိနေကြောင်း သိရသည်။

ဆန်လတ်

# မလိယန်နှင့် ခန်းဘူကျေးရွာများသို့ ဖြန့်ဖြူးသည့် လျှပ်စစ်ဓာတ်တိုင်ကျိုး၍ နှစ်ပတ်ကျော် မီးပြတ်နေ

မြစ်ကြီးနား၊ ဇူလိုင် ၁၉

ဝိုင်းမော်မြို့နယ် ခန်းဘူကျေးရွာနှင့် မြစ်ဆုံစီမံကိန်းကြောင့် ပြောင်းရွှေ့ကျေးရွာဖြစ်သော မလိယန်စံပြကျေးရွာများသို့ သွယ်တန်းထားသော လျှပ်စစ်ဓာတ်တိုင် ကျိုးကျသွား၍ လျှပ်စစ်မီးပြတ်တောက်နေသော်လည်း ယနေ့တိုင်လာရောက်ပြုပြင်ခြင်း မရှိသဖြင့် ဒေသခံများအဖို့ မီးအခက်အခဲဖြစ်နေရသည်ဟု ဒေသခံဦးလထော်လအောင်က ပြောသည်။

ယခုလ ၈ ရက်နေ့က မလိယာန်ကျေးရွာ လမ်းဘေးတွင်ရှိသော သစ်ပင်ကိုဘက်ဟိုးဖြင့် တွန်းလှဲစဉ် လဲကျသည့်သစ်ပင်က ဓာတ်ကြိုးများပေါ်ကျပြီး ဓာတ်တိုင်သုံးတိုင်ပြိုလဲပျက်စီးသွားခဲ့ကြောင်း သိရသည်။

"ရုံးအလုပ်လုပ်တဲ့နေရာမှာ ပိုပြီးအခက်အခဲဖြစ်တယ်၊ ထိခိုက်တယ်။ အစိုးရနဲ့လူမှုအဖွဲ့အစည်းတွေနဲ့ ဆက်သွယ်တဲ့နေရာမှာလည်း ကလေးတွေစာဖတ်တဲ့အခါမှာလည်း အခက်အခဲဖြစ်နေတယ်"ဟု ဦးလထော်လအောင်က ပြောသည်။

ၚင်းသစ်ပင်သည် ကလေးများကိုအန္တရာယ်ပေးစေနိုင်သဖြင့် မလိယန်ရွာအုပ်ချုပ်ရေးမှူးက ဘက်ဟိုးဖြင့် ခုတ်လှဲခိုင်းစဉ် ထိုသို့ကျိုးသွားခြင်းဖြစ်ကြောင်းလည်း သိရသည်။

"တရုတ်ရေအားလျှပ်စစ်ကုမ္ပဏီစီပီအိုင်ကနေ ဘူးဂါးကို လုပ်ပေးဖို့ပြောထားတယ်။ လုပ်ဖို့စီစဉ်နေပြီ စီပီအိုင်ကနေပြီးတော့ တာဝန်ယူပြီးလုပ်ပေးဖို့ပြောထားတယ်"ဟု မလိယန်အုပ်ချုပ်ရေးမှူး လဖိုင်နော်တောင်က ပြောသည်။

ခန်းဘူကျေးရွာမှ ပြည်သူများသည် မီတာကြေးဆောင်ရပြီး မလိယန်မှပြည်သူများမှာ မီတာခ ပေးဆောင်ရခြင်းမရှိဘဲ တရုတ်ရေအားလျှပ်စစ်ကုမ္ပဏီစီပီအိုင်မှ အခမဲ့သုံးစွဲခွင့်ပေးထားကြောင်း သိရသည်။

"တရုတ်ရေအားလျှပ်စစ်ကုမ္ပဏီ စီပီအိုင်ကနေကြည့်တဲ့သူတွေကတော့ မီတာခကြေးဆောင်စရာမလိုဘူး။ ကျနော်တို့ ခန်းဘူကျေးရွာက မီတာခဆောင်ရတယ် မီးမရရင်လည်း ပိုက်ဆံထည့်နေရတယ်။ အဲ့တာကြောင့် စိတ်အရမ်းညစ်နေရတယ်"ဟု ဦးလထော်လအောင်က ဆက်လက်ပြောပြသည်။

ခန်းဘူကျေးရွာတွင် အိမ်ထောင်စု ၁၂၅စုနေထိုင်ပြီး မလိယန်စံပြကျေးရွာတွင် လူဦးရေ ၆၀၀ကျော်နေထိုင်ကြောင်း သိရသည်။

ဆန်လတ်

www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
မြစ်ကြီးနားသတင်းဂျာနယ်
( ဇူလိုင် ၂၃ ၊ ၂၀၁၈ )

# စစ်ရှောင်စခန်းသို့ရောက်ရှိပြီးနောက် စီးပွါးရေးအခြေအနေ၊ မိသားစုအခြေအနေ အကြောင်းကြောင်းကြောင့် ကျောင်းထွက်သွားခဲ့ရသော ကျောင်းသူ၊ ကျောင်းသားများ၏ ရင်တွင်းစကား

ဆန်လတ် မေးမြန်းသည်




### မကော့မိုင်၊ အသက် ၂၃နှစ်၊ န၀မတန်း၊ ဒဘတ်ကျေးရွာ၊ ဝိုင်းမော်မြို့နယ်

ယခု မိုင်းနားကေဘီစီ စစ်ရှောင်ဒုက္ခသည်စခန်း ကျောင်းတက်တဲ့အချိန် အခက်အခဲက ငွေရေးကြေးရေးဘဲ ကျောင်းမှာလည်း ပိုက်ဆံသိပ်မထည့်နိုင်ဘူး။ အိမ်မှာလည်းနည်းနည်းခက်ခဲတယ်ဆိုတော့ မတက်နိုင်တော့ဘူး။ ကျောင်းမှာ ပိုက်ဆံကောက်လာတဲ့ လွယ်လင့်တကူ မထည့်နိုင်ဘူး။ နောက်ဆုံးပိတ်မှ ပိုက်ဆံထည့်နိုင်တဲ့အခါတော့ ရှက်တယ်။ အိမ်မှာလည်းမောင်နှမတွေ အများကြီးရှိသေးတယ်ဆိုတော့ အဲဒါတွေကြောင့်လေ သူတို့ကိုလည်းပြန်ပြီးတော့ ဖေးမကူညီရတာကြောင့်ပါ။ စစ်ပြေး ဒုက္ခသည်မဖြစ်ရင် ကျောင်းဆက်တက်ဖြစ်မှာပါ။ ဘာကြောင့်လဲ. . . ရွာမှာက ငွေရှာလို့ရနိုင်တယ်လေ ဒီမှာက ငွေရှာလို့အဆင်မပြေဘူး။




### ဆန်ဆိုင်းမိုင်၊ အသက် ၁၈နှစ်၊ ၊အဌမတန်း၊ ဝိုင်းမော်မြို့ကရူးကျေးရွာ ၊ယခု မိုင်းနားကေဘီစီစစ်ရှောင်ဒုက္ခသည်စခန်း

အခက်အခဲအမျိုးမျိုး အကြောင်းအရာအမျိုးမျိုးကြောင့် ကျောင်းထွက်သွားတာပါ။ အိမ်မှာလည်း မောင်နှမတွေ ၉ယောက်ရှိတယ်။ ကျောင်းကအရမ်းတက်ချင်သေးတယ် အိမ်မှာအဆင်မပြေလို့ အရမ်းခက်ခဲနေလို့ ကျောင်းထွက်ဖို့ အကြောင်းပါလာခဲ့တာပါ။ အိမ်မှာက ငွေကိုရှာရမယ့်အခြေအနေဖြစ်နေလို့ ကျောင်းထွက်သွားရတဲ့အဆင့် ဖြစ်သွားတာပါ။ ကျောင်းမှာကပိုက်ဆံကောက်တယ်။ ကျောင်းကိုနေ့တိုင်း ပိုက်ဆံပါမှ သွားရတယ်။ ကျောင်းမှာပိုက်ဆံကောက်တဲ့အချိန် သူများက ထည့်နိုင်တဲ့အချိန် ကိုယ်ကမထည့်နိုင်တဲ့အခါ ရှက်လာတယ်။ အကိုတစ်ယောက်ပဲရှာတာ ကျမတို့ မောင်နှမတွေများတယ်ဆိုတော့ မလောက်ဘူး။ အခု ကျွန်မတစ်ယောက်တည်းပဲ မိသားစုကို ထောက်ပံ့ကူညီနေတယ်။




### လထော်ရွှယ်နန် ၊ ၁၉နှစ်၊ န၀မတန်း ၊ ဝိုင်းမော်မြို့အောင်ဂျာကျေးရွာ ၊ ယခု မိုင်းနားကေဘီစီစစ်ရှောင်စခန်း

အိမ်မှာခက်ခဲလို့ ကျောင်းထွက်သွားတာ အိမ်မှာက ကျွန်မတစ်ယောက်တည်းပဲရှိတယ်။ မိဘတွေက ပိုက်ဆံမရှာနိုင်တော့ဘူး။ အသက်ကြီးပြီ။ အဖေနဲ့အမေက အသက် ၆၀ ရှိသွားပြီ အခုကအဖေနဲ့အမေ ကျန်းမာရေးမကောင်းဘူးဆိုတော့ ပိုက်ဆံရှာခရီးလည်းမထွက်ဖြစ်သေးဘူး။ ရွာမှာပဲဆက်နေရင်တော့ ကျောင်းကတော့ ဆက်တက်ဖြစ်မှာပါ။



### ခော်ဆမ်၊ ၂၁နှစ် ၊ ဒသမတန်း၊ ဝိုင်းမော်မြို့ဒဘတ်ကျေးရွာ၊ ယခု မိုင်းနားကက်သလစ်စစ်ရှောင်စခန်း

အဖေဆုံးသွားလို့ ကျောင်းစာကို စိတ်မဝင်စားဘဲ ထွက်သွားတာပါ။ အိမ်မှာလည်းခက်ခဲသွားလို့ အဖေဆုံးသွားပြီး နောက်ပိုင်း အိမ်မှာလည်း ငွေရေးကြေးရေးက အဆင်မပြေတော့ဘူး။ အမေလည်းကျန်းမာရေးအခြေအနေ မကောင်းဘူး အိမ်မှာလည်း ပိုက်ဆံရှာမယ့်သူမရှိတော့ဘူး။ ကျွန်တော်သာ ကျောင်းဆက်တက်နေမယ်ဆိုရင် ဘယ်သူမှရှာမကျွေးတော့ဘူး။




### ဂုန်းဆန့်၊ ၂၀နှစ်၊ ဒတမတန်း၊ ဝိုင်းမော်မြို့နယ် ကရူးကျေးရွာ ၊ တပ်ကုန်း ငေါ့ချန်းစစ်ရှောင်ဒုက္ခသည်စခန်း

ကျောင်းက တက်တော့တက်ချင်တယ်။ ပိုက်ဆံမရှိလို့၊ ရွာမှာဆိုရင်တော့ တက်နေဖြစ်မှာပေါ့။ ဒီမှာက ရွှေငွေရှာဖို့ ခက်လို့လေ. . . ဟုတ်တယ်။ တစ်နေ့လုပ်တစ်နေ့စားဆိုတော့ မိသားစုလည်းများတယ်။ မိသားစု စားဝတ်နေရေးခက်ခဲလို့ အခုလည်းဖြေတော့ဖြေချင်တယ်။ အိမ်မှာလည်းခက်ခဲနေတယ်။ အခုက ဂိုက်စ်နှစ်ခြင်းအသင်းတော်ကမူကြိုကျောင်းမှာ သန့်ရှင်းရေးလုပ်ကိုင်နေတယ်။ အခု အဲ့မှာအလုပ်လုပ်ရင်း ၁၀တန်းဖြေဖို့ ကြိုးစားနေတယ်။



### လရိန်၊ အဌမတန်း ၊ ဝိုင်းမော်မြို့တာလောကြီးကျေးရွာ ၊ ဂျန်မိုင်ကောင်း ကေဘီစီစစ်ရှောင် ဒုက္ခသည်စခန်း

အိမ်မှာ ငွေရေးကြေးရေး အရမ်းခက်ခဲလို့ ကျောင်းထွက်သွားတာ။ သူများတက်သလို ကျောင်းလည်းမတက်နိုင်တော့ စာလည်းမမီတော့ဘူး။ အဲ့ဒါကြောင့် ကျောင်းမတက်တော့တာ။ သုံးဘီးနဲ့ကျောင်းတက်ရတာဆိုတော့ သုံးဘီးပျက်သွားပြီဆိုရင် ကျောင်းမသွားတော့ဘူး။ရွာမှာနေပြီး ကျောင်းတက်နေမယ်ဆိုရင်တော့ ၁၀တန်းရောက်နေလောက်တယ်။ အခုက ဘာမှမလုပ်ဘူး။ နေ့စားရှိရင် နေ့စားသွားလုပ်တယ်။ ပန်းရံသွားလုပ်တယ်။ တစ်နေ့၆၀၀၀ရတယ်။ အလုပ်များတဲ့ပေါ် မူတည်ပြီး ၇၀၀၀၊၈၀၀၀ ရတယ်။



**နိုင်လွမ်း ၊ အသက် ၂၂ ၊ နဝမတန်း၊ ချီဖွေ ၊ တပ်ကုန်း ငေါ့ချန်းစစ်ရှောင်ဒုက္ခသည်စခန်း**

ကျောင်းတက်တာက ခက်ခဲတာကမရှိဘူး။ စာသိပ်မရလို့ပေါ့ ကျောင်းထွက်သွားတာ ရွာမှာဆိုရင်တော့ မိဘတွေနဲ့နေတယ်ဆိုရင်တော့ ကျောင်းကတော့တက်နေမှာပါ။ ဒီမှာ မိဘတွေနဲ့ဝေးနေရတယ်ဆိုတော့ တစ်ယောက်ထဲဆိုတော့ ဦးလေးတွေနဲ့နေတာဆိုတော့ ကျောင်းသွားတာရော ကျောင်းတက်တာရော ပျက်ကွက်လာတယ်။ အမှန်ဆိုရင်တော့ မိဘတွေနဲ့ အတူနေတာဆိုရင်တော့ ကျောင်းကတော့ ပုံမှန်သွားဖြစ်မှာပါ။



**နော်ဆန့် ၊ အသက် ၁၈၊ နဝမတန်း၊ ဝိုင်းမော်မြို့တာလောကြီးကျေးရွာ ဂျန်မိုင်ကောင်းကေဘီစီစစ်ရှောင်ဒုက္ခသည်စခန်း**

ကျောင်းတက်ဖို့ စိတ်မပါတော့လို့။ ကျောင်းတက်နေတဲ့အချိန် အပြင်ကသူငယ်ချင်းတွေနဲ့ပေါင်းသွားလို့ စာကိုစိတ်မဝင်စားတော့လို့ ကျောင်းထွက်သွားတာ ငွေကြေးခက်ခဲမှုကြောင့်လည်း ပါတယ်။ တချို့က အမေမရှိလို့ အဖေနဲ့ပဲ နေတဲ့သူတွေ ကျောင်းထွက်သွားသူလည်းရှိတယ်။ ရွာမှာနေနေရင်တော့ ကျောင်းဘဲဆက်တက်နေမှာပါ ဒီမှာက သူငယ်ချင်းတွေများတော့ စာဘက်ကိုစိတ်မဝင်စားလာဘူး။ ကျောင်းတက်တဲ့အချိန် ခက်ခဲတာက ငွေရေးကြေးရေးပါဘဲ။



**ဘရန်နန် ၊အသက် ၁၆ နှစ် ၊ နဝမတန်း တာလောကြီး၊ ဂျန်မိုင်ကောင်းကက်သလစ်စစ်ရှောင်ဒုက္ခသည်စခန်း**

ကျွန်တော်က စာမလိုက်နိုင်လို့ ကျောင်းထွက်သွားတာ။ တချို့က မိုင်းနားကက်သလစ် ဘော်ဒါဆောင်သွားနေပြီး ကျောင်းတက်ကြတယ်။ ဒီမှာက ဇုတန်းတွေကိုလည်း စာပြပေးတာတွေမရှိဘူး။ ရွာမှာနေနေရင်တော့ ကျောင်းဆက်တက်ဖြစ်မှာပါ။ ဂိမ်းဆိုင်တွေတအားရှိလို့ ဂိမ်းဆိုင်တွေပဲသွားလို့ ကျောင်းမှန်မှန်မတက်နိုင်ပဲ ဖြစ်သွားတာ။ အခုက အလုပ်ဘာမှမလုပ်ဘူး။ ကျောင်းက ဒီနှစ်ပဲထွက်သွားတာပါ။

ICRC

The International Committee of the Red Cross (ICRC) delegation in the Republic of the Union of Myanmar is an independent, impartial and neutral humanitarian organization. The ICRC undertakes humanitarian activities in various regions of the country and promotes international humanitarian law and universal humanitarian principles.

ICRC

**The ICRC is looking for suitable candidates to fill the following vacancy:**

**Water and Habitat Engineer**

**Reference Number: WATHAB_MYI_2018001**
**To be based in Myitkyina with frequent travel to Kachin State**

**Duties and Responsibilities**

- You will assist in the assessments and the preparation of proposals including descriptions, sketches and drawings, bill of quantities, costs estimation, and implementation planning of Water and Habitat projects.
- Within these responsibilities you will supervise sub-contractors.
- Furthermore, you will assist in the purchasing and delivery of Water and Habitat materials and the preparation of reports on Water and Habitat assessments, proposals and projects.
- You will be asked to provide support to other Water and Habitat projects and tasks and duties in other sites as necessary.
- You will establish and keep contact with various interlocutors and clients in the project area.
- In addition, you will be asked to carry out dissemination sessions under supervision and write field trip reports, minutes of workshops and meetings.
- You will maintain regular contacts with MRCS chapters and with other interlocutors (NGO's, associations, etc.) and exchanges information as required.
- Moreover, you will be asked to interpret accurately from English to National language and vice versa during field visits, meetings with interlocutors and otherwise, as required.

**Required profile**

- It is required to have University degree in civil, structural or hydrological/hydraulic engineering, architecture or similar.
- You should have at least 4 years' work experience in similar function.
- Your communication skills should be excellent and you should be fluent in written and spoken English/and or French as well as local languages.
- You should have very good analytical skills and team leader skills.
- You should have the knowledge of Microsoft office programs and AutoCAD.
- Previous ICRC experience is also a strong asset.
- Humanitarian organization experience is a strong asset.

**What we offer**

- We offer an employment contract of 12 months with the possibility of extension.
- Fair compensation package including, for example, medical coverage and transportation allowances.
- Various training opportunities to develop and strengthen the quality of the services provided to our beneficiaries as well as to support our staff members' professional and personal development.

All applications should include an **updated CV** and a **cover letter** expressing your motivation working with the ICRC and in the vacant position in English language. Your application should include contact details of three professional referees minimum, as well as your salary expectations.

Please send your application no later than **05 August 2018**. Interviews are expected to take place within 2 weeks days after the application closing date.

Please submit your application in one email not exceeding 5MB via email to:
yan_hr_recruitment_services@icrc.org
ICRC - Human Resources Department
No.2(C)-5, Kaba Aye Pagoda Road
8th Mile, Mayangone Township
Yangon

Or

akhaing@icrc.org
ICRC Sub Delegation Myitkyina- Human Resources Department
448, Myay Myint Ward, Lane 13,
Myitkyina, Kachin State.

# ရက္ခိုင့်တပ်မတော်မှ ဒုတိယစစ်ဦးစီးချုပ် ဒေါက်တာညိုထွန်းအောင်နှင့် တွေ့ဆုံမေးမြန်းခြင်း

Salai



**အစိုးရအနေနဲ့ မြောက်ပိုင်းခုနစ်ဖွဲ့ကို သုံးဖွဲ့လေးဖွဲ့ခွဲပြီး တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ကြတယ်လို့သိရတယ်။အဲဒီအပေါ် ဘယ်လိုမြင်ပါသလဲ။**

ဒါကတော့ အစိုးရရဲ့သဘောပေါ့သူတို့ဘက်ကရောင်စဉ်ပေါ့။ ရောင်းသူဝယ်သူလိုပြောရမယ်ဆိုရင် ကျွန်တော်တို့ကတော့ ခုချိန်ထိ FPNCC အတိုင်းပဲတက်တယ်၊ ဘာပဲဖြစ်ဖြစ် တွေ့ဆုံတဲ့ဟာကတော့ တစ်ဖွဲ့ချင်းအနေနဲ့ရော FPNCC အနေနဲ့ရော ကောင်းတယ်လို့ မြင်ပါတယ်။

**ရှေ့လာမယ့်ရက်တွေမှာ အစိုးရအဖွဲ့နဲ့ ငြိမ်းချမ်းရေးလမ်းစဉ်အတွက် တွေ့ဆုံဆွေးနွေးမှုတွေ ပြန်လုပ်မယ်လို့သိရတယ်။ ဒါရော ဖြစ်လာနိုင်မလား။**

လက်ရှိအချိန်မှာတော့ ပြောဖို့စောသေးတယ် ခုက ပင်လုံညီလာခံလည်းမပြီးသေးဘူး ကျွန်တော်တို့က လေးရက်မြောက်နေ့မှာပဲ ပြန်သွားတယ် နောက်နှစ်ရက်မှာဘာတွေဖြစ်လာမလဲဆိုတာ ကျွန်တော်တို့မသိနိုင်သေးဘူး။ ပြီးရင် အစည်းအဝေးပြီးတဲ့နောက်ပိုင်းမှာ အစိုးရဘက်က သဘောထား သူတို့ရဲ့ကျွန်တော်တို့အပေါ် ကမ်းလှမ်းမှုတွေ အနေအထားတွေဘယ်လိုရှိမလဲမသိသေးဘူး၊ ကျွန်တော်တို့လည်း ဒီကပြန်သွားရင် မိခင်အဖွဲ့အစည်းကိုတင်ပြရမှာရှိမယ် FPNCC ရဲ့ အစုအဖွဲ့တွေနဲ့ ညီလာခံကနေရလာတဲ့ အကျိုးကျေးဇူးတွေရလဒ်တွေနဲ့ပတ်သက်ပြီး ပြောဆိုဆွေးနွေးမှုတွေ ရှိသေးတယ်ဆိုတော့ နည်းနည်းပြောဖို့စောပါသေးတယ်။

**ငြိမ်းချမ်းရေးကို မျှော်လင့်နေတဲ့ ပြည်သူလူထုတွေအတွက် ဘာများပြောချင်ပါသလဲ၊ ရခိုင်လူထုကိုရောဘာများ သတင်းစကားပါးချင်လဲခင်ဗျား။**

ရခိုင်လူထုအနေနဲ့ပဲဖြစ်ဖြစ် တစ်နိုင်ငံလုံး တစ်ကမ္ဘာလုံးက မည်သူမဆို ဒီငြိမ်းချမ်းရေးကိုလိုချင်တယ် ကျွန်တော်တို့ကိုယ်တိုင်လည်းပဲငြိမ်းငြိမ်းချမ်းချမ်းနဲ့ တည်ငြိမ်သွားလာတာကို မျှော်လင့်တယ် ငြိမ်းချမ်းရေးကို နောက်ထပ်တစ်ဆင့် တခြားရှုတောင့်ကနေကြည့်မယ်ဆိုရင် ကျွန်တော်တို့က ဘယ်အချိန်ကျမှ ငြိမ်းချမ်းမလဲဆိုရင် မိမိလူမျိုးရဲ့အခွင့်အရေးကို မိမိရရှိမှသာလျှင် ငြိမ်းချမ်းနိုင်မယ်၊ ဥပမာအနေနဲ့ သူများတွေတန်းတူရနေတဲ့အချိန်မှာ ကျွန်တော်တို့ ရခိုင်လူမျိုးတွေ တန်းတူမရနေဘူးဆိုရင် ဒါကတော့ ငြိမ်းချမ်းတယ်ဆိုပေမယ့် အပြည့်အဝငြိမ်းချမ်းတယ်လို့ ပြောလို့မရနိုင်ပါဘူး၊ ရခိုင်လူထုကိုပြောလိုတာက ရခိုင်လူမျိုးရဲ့ တန်းတူအခွင့်အရေး ကိုယ်ပိုင်အခွင့်အရေးအတွက် ULA အနေနဲ့ အများကြီးကျိုးစားနေတယ်။

**ဒီတတိယအကြိမ် ပင်လုံညီလာခံ အစည်းအဝေးကနေ ဘယ်လိုရလဒ်တွေများ သယ်ဆောင်သွားခဲ့လဲဗျ။**

ညီလာခံက သယ်ဆောင်သွားတာကတော့ စာအုပ်တွေလက်ဖက်တွေပေါ့(ရယ်လျက်) ဒါကတော့ ရီစရာပြောတာပါ၊ ယူဆောင်နိုင်ခဲ့တာကတော့ အစကတော့ ထိတွေ့မှုမရှိခဲ့ဘူး။ နောက်ပြီးတော့ထိတွေ့ဆက်ဆံမှုရလာတဲ့အခါကြတော့ ဘာပဲဖြစ်ဖြစ် အကျိုးအမြတ်တွေ အများကြီးရှိပါတယ်။ ထိတွေ့မှုရလာတဲ့အနေအထားနဲ့ပဲ ကျွန်တော်တို့ ထိုင်မနေဘူး။ဒီလိုပဲနေမနေပါဘူး ကျွန်တော်တို့ FPNCC အဖွဲ့အစည်း၊ မိခင်အဖွဲ့အစည်း၊ ကျွန်တော်တို့ လူမျိုးအတွက် အကောင်းဆုံးဖြစ်သွားအောင် သယ်ဆောင်သွားမယ်လို့ ပြောလိုပါတယ်။

**ဒီလို မြောက်ပိုင်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၇ ဖွဲ့ကို သုံးဖွဲ့လေးဖွဲ့ခွဲပြီး တွေ့ဆုံတဲ့အပေါ်မှာကော် ဘာများမှတ်ချက်ပေးချင်လဲဗျ။**

သုံးဖွဲ့လေးဖွဲ့ ခွဲပြီးတွေ့တာက သူတို့ရဲ့ပညတ်ချက်ရသအမြင် ကျွန်တော်တို့အမြင်မှာကြတော့ ဘာလဲဆိုရင် ကျွန်တော်တို့က FPNCC မူကိုကိုင်ထားတယ် ဒီနေ့အချိန်ထိလဲဘယ်အဖွဲ့မှ FPNCC မူကိုကျော်ပြီး ပြောတာမရှိဘူး။ တစ်ဖွဲ့တွေ့ရင်လည်း ဒီအတိုင်းပဲ နှစ်ဖွဲ့သုံးဖွဲ့တွေ့ရင်လည်း ဒီအတိုင်းပါပဲ။ သူများအမြင်မှာတော့ ခွဲပြီးတွေ့တယ်လို့ အမြင်သက်ရောက်နိုင်ပေမယ့်လည်း ကျွန်တော်တို့က ကြားမှာ နားလည်မှုရှိတယ်။ FPNCC အချင်းချင်း နားလည်မှုရှိတယ် တစ်ဖွဲ့တည်းသွားရင်လည်း မိခင် FPNCC ကိုတင်ပြရမယ် အဖွဲ့ဘယ်လောက်နဲ့တွေ့တွေ့ FPNCC ကိုပြန်တင်ပြရမယ်ဆိုတော့ ဘယ်လိုပဲခွဲတွေ့တွေ့ ကျွန်တော်တို့အတွက်တော့ သိပ်ပြဿနာမရှိဘူး။ အဖွဲ့အစည်းအချင်းချင်းကြားမှာ ယုံကြည်မှု၊ နားလည်မှုရှိတယ်။ လူတွေက အဲ့လိုခွဲပြီးသွားရင် ခွဲထွက်သွားပြီလား၊ ကွဲပြီလား ဆိုတဲ့ အမြင်တွေဖြစ်ကြတယ်။ ဒါပေမယ့် FPNCC မူက ရှိပြီးသားဆိုတော့ ပြဿနာမရှိပါဘူး။

**တရုတ်သံအမတ်ကြီးဟုန်လျန်ကို ဆရာအနေနဲ့ လက်ဆောင်ပစ္စည်းပေးခဲ့တယ်လို့ သိရတယ်။ ဘာများပေးခဲ့လဲ။ ပြီးတော့ ဘာတွေပြောဖြစ်ခဲ့ကြသေးလဲ ခင်ဗျ။**

ကျွန်တော်တို့ အနေနဲ့ တရုတ်သံအမတ်ကြီးကို ကျွန်တော်တို့ ULA ရဲ့အမှတ်တံဆိပ်ကို လက်ဆောင်ပေးခဲ့တာပါ။ အဓိကပြောခဲ့တာ ကျွန်တော်တို့ကို ဒီလိုဖြစ်လာဖို့အတွက် တရုတ်ရဲ့ ကူညီမှုအများကြီးဖြစ်တဲ့အတွက် ကျေးဇူးတင်တဲ့အနေနဲ့ ကျွန်တော်တို့ အဖွဲ့အစည်းရဲ့ အမှတ်တံဆိပ်လေးပစ္စည်းကသေးပေမယ့် ကျွန်တော်တို့အဖွဲ့အစည်းရဲ့ ကိုယ်စားပေးခဲ့တာပါ။


# မြစ်ကြီးနားမြို့ Mobile Phone ဈေးနှုန်းများ

| Samsung | |
|---|---|
| S9 Plus | 1400000 ks |
| Note 8 | 1275000 ks |
| Note Fan | 790000 ks |
| A8 2018 | 615000 ks |
| A8 Star | 789000 ks |
| A6 Plus | 499000 ks |
| J7 Plus | 495000 ks |
| J6 | 315000 ks |
| J4 | 219000 ks |
| J5 Pro | 349000 ks |
| J7 Core | 209000 ks |
| S9 | 1090000 ks |
| J7 Prime | 299000 ks |
| Tab S3 | 918000 ks |
| S2 | 572000 ks |
| Tab J | 259000 ks |
| TabA (8") | 343000 ks |

| Vivo | |
|---|---|
| V9 | 399000 ks |
| Y53 | 169000 ks |
| Y81 | 259000 ks |
| Y85 | 319000 ks |
| Y52 | 155000 ks |

| Huawei | |
|---|---|
| P20 pro | 1099000 ks |
| Nova 2i | 309000 ks |
| Y9 2018 | 259000 ks |
| Y7 Pro 2018 | 199000 ks |
| 76Prime 2018 | 154000 ks |
| Y5 Prime 2018 | 129000 ks |
| M3 2017 | 339000 ks |
| Y3 2017 | 99000 ks |

| Oppo | |
|---|---|
| F7 | 389000 ks |
| F7 youth | 319000 ks |
| A71k | 179000 ks |
| A37 | 169000 ks |

| Meizu | |
|---|---|
| PRO7/7Plus( 4GB+64GB ) | 459000 ks |
| M6 note (3GB+32GB) | 249000 ks |
| M6s (3GB+32GB) | 239000 ks |
| M5note (3GB+16GB) | 179000 ks |
| M5c (2GB+16GB) | 129000 ks |
| M5c(2GB+32GB) | 149000 ks |

| Xiaomi | |
|---|---|
| Mi A1 (4GB+64GB) | 319000 ks |
| Mi A1(4GB+32GB) | 299000 ks |
| Mi Max2(4GB+64GB) | 369000 ks |
| Mi Mix 2s (6GB+64GB) | 699000 ks |
| Redmi Note5(4GB+64GB) | 279000 ks |
| Redmi Note5(3GB+32GB) | 329000 ks |
| Redmi Note4 | 239000 ks |
| Redmi S2 | 225000 ks |
| Redmi 5Plus(3GB+32GB) | 225000 ks |
| Redmi 5Plus(4GB+64GB) | 249000 ks |

KMK Plaza မှကောက်ယူထားသော ဈေးနှုန်းများဖြစ်ပါတယ်။

# ကချင်မျိုးနွယ်စုဝင် တက္ကသိုလ်ကျောင်းသူများ၏ MISS ပြိုင်ပွဲ

မြစ်ကြီးနား၊ ဇူလိုင် ၁၉

ပထမဆုံးအကြိမ် Miss J.L.H Myitkyina 2018 ပြိုင်ပွဲကို မြစ်ကြီးနားမြို့၌ ဩဂုတ်လ ၄ရက်နေ့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။




အဆိုပါပြိုင်ပွဲကို ကချင်မျိုးနွယ်စုဝင် တိုင်းရင်းသားတက္ကသိုလ်ကျောင်းသူ/သားများ စည်းလုံးညီညွတ်စွာ အခန်းကဏ္ဍတိုင်းတွင် တိုးတက်မြင့်မားလာစေရန်၊ ကိုးကွယ်ယုံကြည်မှုမတူညီသော်လည်း တူညီသောယဉ်ကျေးမှု ရိုးရာဓလေ့ထုံးတမ်းအပေါ် အခြေခံပြီး စည်းလုံးညီညွတ်လာစေရန်၊ ကချင်တက္ကသိုလ်မျိုးနွယ်စုများ၏ လှပသောယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်း၊ ဝတ်စားဆင်ယဉ်မှုတို့ကိုသိရှိနားလည်စေရန်နှင့် တက္ကသိုလ်တက်နေသော ကချင်ကျောင်းသားကျောင်းသူများ၏ ထက်မြက်မှု၊ ဗဟုသုတ၊အရည်အချင်းများကိုမြင့်တင်ပေးပြီး မြေတောင်မြှောက်ပေးရန် ရည်ရွယ်ကာ ကျင်းပရခြင်းဖြစ်သည်ဟု ပွဲဖြစ်မြောက်ရေးကော်မတီများထံမှသိရသည်။

ပထမဆုံးအကြိမ်ကျင်းပမည့် Miss J.L.H Myitkyina 2018 ပြိုင်ပွဲတွင် ဆုကြီးများအဖြစ် Miss J.L.H Myitkyina 2018 Winner, 1rd Runner Up, 2nd Runner Up, Miss People Choice, Miss Congenality, Miss Photogenic ဆုများကို ချီးမြှင့်ပေးသွားဖြစ်ကြောင်း ကြေညာထားသည်။

အဆိုပါပြိုင်ပွဲကိုစိတ်ပါဝင်စားသူများအနေဖြင့် အသက် ၁၆ နှစ်မှ အသက် ၂၅ နှစ်အတွင်း အိမ်ထောင်မရှိသူ၊ အရပ်အမြင့် ၅ပေ၄လက်မ အထက်ရှိသူများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ထိုပြိုင်ပွဲဝင်မည့်သူများကို ဇူလိုင်လ ၂၅ ရက် နံနက်တွင် မြစ်ကြီးနားမနောင်ကွင်း၌ လူတွေ့စစ်ဆေးခြင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆိုင်း(ကချင်မြေ)





## ရောင်းမယ် ဝယ်မယ်



ဤရောင်းမယ် ဝယ်မယ် ကဏ္ဍတွင် မည်သူမဆို မိမိရောင်းလို ဝယ်လိုသော ပစ္စည်းများကို အခမဲ့ ကြော်ငြာပေးသွားမည်ဖြစ်သည်။ မိမိရောင်းလိုသည့် ပစ္စည်းများကို မြစ်ကြီးနားသတင်း ဂျာနယ်မှတစ်ဆင့် ရောင်းချပေးမည်ဖြစ်သည်။ ထိုပစ္စည်းများကို မရောင်းရမခြင်း ကြော်ငြာပေးသွားမည်ဖြစ်၍ ကုန်ပစ္စည်းရောင်းရလျှင် ပစ္စည်းတန်ဖိုး၏ ၁၀ ရာခိုင်နှုန်းကို ဂျာနယ်တည်တံ့ ခိုင်မြဲရန်အတွက် ရန်ပုံငွေအဖြစ် အသုံးပြုသွားမည်ဖြစ်သည်။ လူကြီးမင်းတို့၏ကုန်ပစ္စည်းရောင်းချလိုပါက မြစ်ကြီးနားသတင်းဂျာနယ်သို့ လာရောက်ဆက်သွယ်နိုင်ပါသည်။

### ရေခဲတောင်မှ ထွက်ရှိသော ရှားပါး ရှီးပတီး အားဆေး ရောင်းရန်ရှိသည်။

**ရှီးပတီး အစွမ်း –** ကျန်းမာနုပျို၊ လန်းဆန်း ၊ အသက်ရှည် အားဆေးကြီး မောပန်းနွမ်းနယ်ခြင်း၊ မျက်စိအားနည်းခြင်း၊ အကျိတ်ဖြစ်ခြင်း၊ အသည်းရောင်အသားဝါ ဘီပိုး စီပိုး၊ နှလုံးအားနည်းခြင်း၊ ပန်းနာရင်ကြပ်၊ ဆီးချိုအဆစ်အမြစ်နာ၊ ခံတွင်းအနာများကာကွယ်ခြင်း သက်သာပျောက်ကင်းစေပါသည်။

**ဆေးအညွှန်း –** အရက်(သို့) ပျားရည်ဖြင့် စိမ်သောက်ရန် ကြိုက်ရာအသားနှင့် ပေါင်းစားရန်၊ ခံတွင်းအနာဖြစ်လျှင် ဆေးကောင်ကို အမှုန့်ကြိတ်၍ပျားရည်နှင့်ရောပြီး တစ်ရက် (၂) ကြိမ်လိမ်းရန်၊ရေနွေးကြမ်းထဲသို့ ထည့်သောက်၍လည်းရနိုင်သည်။

**မှတ်ချက် –** အစိမ်းမစားရ၊ ဆေးအားပြင်းသောကြောင့် မူးတတ်သည်။

ဒေသခံများကိုယ်တိုင်ရှာဖွေထားသော ရှီးပတီး ခေါ် (ပိုးနွယ်ရှင်) ဆေးကို ဝယ်ယူလိုပါက ဖုန်း -၀၉၄၃၁၇၀၇၄၅ သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။






# ကလေးသုံးယောက်မိခင် အလှမယ်




မြစ်ကြီးနား၊ ဇူလိုင် ၁၇

Mrs. Asia Pacific Myanmar မှ ကြီးမှူးကျင်းပမည့် ၂၀၁၉ ခုနှစ် အိမ်ထောင်ရှင်အလှမယ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် မြစ်ကြီးနားမှ သားသမီးသုံးယောက်မိခင် ဒေါ်ခင်မာဌေးအား ရွေးချယ်ခန့်အပ်လိုက်ကြောင်း Union of Myanmar Organization မှ ထုတ်ပြန်ကြေညာလိုက်သည်။

သူမသည် ကချင်ပြည်နယ်လွှတ်တော်ရုံးတွင် ဒုတိယဦးစီးမှူးတစ်ဦးဖြစ်ကာ မြစ်ကြီးနားတွင်ကျင်းပခဲ့သော Mrs.Global Universe Myanmar 2018 Winner ဆုကိုရရှိထားသူ ဖြစ်သည်။

သူမအနေဖြင့် ခင်ပွန်းဖြစ်သူ၏တာဝန် ဝတ္တရားများက တစ်ဘက်၊ ရုံးလုပ်ငန်းက တစ်ဘက်၊ သားသမီးတို့၏ဝတ္တရားများက တစ်ဖက်ဖြင့် ကြိုးစားလုပ်ဆောင်ခဲ့ရသည်ဟု သိရသည်။

"ပြိုင်ပွဲကို စိတ်ပြေလက်ပျောက်ပုံစံနဲ့ ယှဉ်ပြိုင်မယ်ဆိုပြီး ဝင်ပြိုင်ခဲ့တယ်။ ဒါပေမယ့် တကယ်ကိုပြိုင်ရတဲ့အခါမှာ ကျွန်မတို့လို ဝန်ထမ်းပဲ လုပ်လာတဲ့သူအတွက်က အဆင်မပြေဘူး။ ခက်ခဲခဲ့တယ်။ ဒီလိုစင်မြင့်ပေါ်မှာ ဒေါက်လေးစီးပြီးယှဉ်ပြိုင်ဖို့က တကယ်ကိုမလွယ်တာပါ။ ခက်ခဲပေမယ့် တကယ်တမ်းပြိုင်တော့ ဆုရချင်တယ်။ အကောင်းဆုံးလည်း ကြိုးစားလုပ်တော့ ဒီလို Winner ဆုကိုရခဲ့တယ်။ နောက်ပြီးတော့ နိုင်ငံတကာပြိုင်ပွဲကို ဆက်ပြိုင်ရမယ်ဆိုတော့ ဝမ်းလည်းဝမ်းသာတယ်။ နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်တဲ့ ဝန်ထမ်းတစ်ဦးလို့ပဲ ကျွန်မက ခံယူထားတယ်"ဟု ဒေါ်ခင်မာဌေးက ပြောသည်

ဒေါ်ခင်မာဌေးသည် မြစ်ကြီးနားမြို့တွင် နေထိုင်ပြီး လျှပ်စစ်လုပ်ငန်း လုပ်ကိုင်သည့် ကန်ထရိုက်ဦးဘုန်းကြွယ်ခိုင်၏ဇနီး ဖြစ်ကာ ကလေးသုံးယောက်၏ မိခင်ဖြစ်သည်။ ဒီ့အပြင် လာမည့် ဒီဇင်ဘာလခန့်တွင် ယှဉ်ပြိုင်ရမည့် အိမ်ထောင်ရှင်မ အလှမယ်ပြိုင်ပွဲကို မလေးရှားနှင့် စင်္ကာပူနိုင်ငံများတွင် ဆက်လက်ယှဉ်ပြိုင်ရမည် ဖြစ်ကြောင်း သိရသည်။

ဆိုင်း(ကချင်မြေ)

# မြစ်ကြီးနားတွင် ပထမဆုံးအကြိမ်ကျင်းပမည့် အိမ်ထောင်ရှင်အလှမယ်ပြိုင်ပွဲ

MISS SUMMER INTERNATIONAL

မြစ်ကြီးနား၊ ဇူလိုင် ၁၆

ပထမဆုံးအကြိမ် Mrs. summer International Kachin State 2019 ပြိုင်ပွဲကို မြစ်ကြီးနားမြို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထို Mrs Summer International Kachin State 2019 Title ဖြင့် ပြိုင်ပွဲကိုကျင်းပသွားမည်ဖြစ်ရာ Mrs. Summer International Myitkyina နှင့် Mrs. Summer International Monyin စသည့် Winner Mrs နှစ်ဦး ရွေးချယ်သွားမည်ဖြစ်ကြောင်း City Director ကိုငွားလေး(Sai Lisu)က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

" ကျွန်တော်တို့အနေနဲ့ Mrs. Summer International Myanmar ရဲ့ ပထမဆုံး City ပွဲအဖြစ်ကျင်းပရတာမို့လို့ တာဝန် လည်း ကြီးပါတယ်။ ဘာပဲဖြစ်ဖြစ် ပွဲကြီးအတွက်လည်း အကောင်းဆုံးဖြစ်ဖို့ ကြိုးစားနေပါတယ်"ဟု ကိုငွားလေးက ပြောသည်။

အဆိုပါပြိုင်ပွဲကို စိတ်ပါဝင်စားသည့် အိမ်ရှင်မများအနေဖြင့် ပြိုင်ပွဲဝင်လျှောက်လွှာပုံစံများကို မြစ်ကြီးနားမြို့ရှိ K2 Beauty Center, Mrs. Summer International Kachin State Organization (09975010941) [M1] သို့ ဆက်သွယ်မှာယူနိုင်ကြောင်းနှင့် လျှောက်လွှာပုံစံများကို ဇူလိုင်လ ၂၅ ရက်နောက်ဆုံးထားတင်ပြရမည်ဖြစ်ကြောင်းကြေညာထားကာ လျှောက်ထားသူများကို ဇူလိုင်လ ၂၈ ရက်တွင် ပဏာမ လူတွေ့စစ်ဆေးသွားမည်ဟု သိရသည်။

ဆိုင်း(ကချင်မြေ)

